


# ခန္ဓာထဲမှာတရားရှိတယ်
# စောင့်ပြီးကြည့်စမ်းပါ

## ဝိ ဏ္ဏာ နု ပ ဿ နာ

(၂၇၄)

ဟောကြားသည့်နေ့
၈-၁၂-၁၉၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၆) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0291

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# “ခန္ဓာထဲမှာတရားရှိတယ်”
# စောင့်ပြီးကြည့်စမ်းပါ

## (စိတ္တာနုပဿနာ)

ဟောကြားသည့်နေ့
(၈-၁၂-၆၃)

THITSARPARAMI LIBRARY
Date ..........................

စာမူခွင့်ပြုချက်အမှတ် - ၆၉၂/၉၉ (၁၁)
အဖုံးခွင့်ပြုချက်အမှတ် - ၆၂၆/၉၉ (၁၂)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

Date

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# "ခန္ဓာထဲမှာတရားရှိတယ်"
# စောင့်ပြီးကြည့်စမ်းပါ

## (စိတ္တာနုပဿနာ)

ဟောကြားသည့်နေ့ (၈-၁၂-၆၁)

အားလုံး ဒကာ ဒကာမတွေ တရားကို နှလုံးသွင်းကြပါလို့ သတိပေးလိုက်ပါတယ်၊ တရားနှလုံးသွင်းဆိုတာက မိမိတို့၏ ခန္ဓာကိုယ်ထဲမှာ တရားရှိတယ် . . . (မှန်ပါ)။

ဘယ်မှာ တရားရှိပါလိမ့် . . . (မိမိတို့ ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)၊ မိမိတို့ ခန္ဓာထဲမှာရှိတယ်လို့ သေသေချာချာ မှတ်ထားကြပါ။

## ခန္ဓာကြီးကိုစောင့်ပြီးကြည့်စမ်းပါ

တရားရှာ ခန္ဓာထဲမှာ တွေ့ရမယ်ဆိုတဲ့အတိုင်း ခန္ဓာထဲမှာ ကြည့်ပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

အဲဒီတော့ ဒီခန္ဓာကြီးကို စောင့်ပြီး ကြည့်စမ်းပါလို့လဲ သတိပေးပြန်တယ်နော် . . . (မှန်ပါ)။

ဦးခင်မောင် ဘယ်လိုကြည့်ရမလဲ . . . (စောင့်ပြီး ကြည့်ရပါမယ်ဘုရား)၊ စောင့်ပြီး ကြည့်ရမယ်လို့ ဒကာဒကာမတွေ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့)၊ စောင့်ပြီး သကာလ အသက်ကလေး မှန်မှန်ရှူပြီးတော့ ကြည့်ပါ. . . (မှန်ပါ)၊ အသက်ကလေး မှန်မှန်ရှူပြီးသကာလ ကြည့်တော့ အာရုံတွေက တိုက်ချင်ရာက တိုက်လိမ့်မယ်ဆိုတာ မှတ်ထားရမယ် . . . (မှန်ပါ)။

အာရုံတွေက တိုက်ချင်ရာက တိုက်တော့ ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်တယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေမှတ်ထားပါ၊ ညှို့သည်ဖြစ်တဲ့ မြင်စိတ်ပေါ်တယ်လို့ မနေ့ကပြောတာ မှတ်မိကြတယ် မဟုတ်လား . . . (မှန်ပါ)။

မျက်လုံးဖွင့်လိုက်တဲ့အခါကျတော့ ဘယ်စိတ်ပေါ်လာသတုံး . . . (မြင်စိတ်ပေါ်လာပါတယ်)၊ ညှို့သည်ဖြစ်တဲ့ မြင်စိတ်ပေါ်လာတယ် . . . (မှန်ပါ)။

## မြင်စိတ်ဟာ ပစ္စုပ္ပန်စိတ်

ကောင်းပြီ၊ ဒီညွှန်ကြားချက်အတိုင်း သည်ဖြစ်တဲ့ မြင်စိတ်ဟာ အိမ်က ပါလာတာလား၊ ယခုမှ ဒီနားရောက်မှ ဒီအဆင်းနဲ့တွေ့လို့ ယခုမှ ပေါ်လာတာလားမေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (ယခုမှပေါ်လာတာပါဘုရား)၊ ဒါဖြင့် ပစ္စုပ္ပန်စိတ်ပဲဆိုတာ မှတ်လိုက်တာပေါ့ . . . (မှန်ပါ)။

အဲဒါကြောင့် ဘဒ္ဒေကရတ္တသုတ်မှာ လာထားတာက ပစ္စုပ္ပန်တည့်တည့် ရှုကြပါ ဆိုတာကို ရှင်းပြပါတယ်. . .။

အဲဒီတော့ ဒကာ ဒကာမတွေ သန္တာန်၌ မျက်လုံး ကလေးဖွင့်လိုက်ရင် မြင်စိတ်ပေါ်တယ်၊ မြင်စိတ် ပေါ်သည်နဲ့ တစ်ပြိုင်နက်တည်း စောင့်နေတဲ့ သတိ၊ သမာဓိ၊ ပညာက ဒကာ ဒကာမတွေ ချက်ချင်းလိုက်ပါ၊ ဩော် . . . မြင်စိတ် ကလေးပေါ်ပြီး မြင်စိတ်ကလေး မရှိဘူးဆိုတာ ချက်ချင်း လိုက်ပါ၊ သဘောကျကြပလား . . . (ကျပါပြီ)။

## အလုပ်သင်နေတယ်လို့မှတ်ပါ

ဒါ အလုပ်သင်နေတယ်လို့ သေသေချာချာမှတ်ပါ. . (မှန်ပါ့)၊ မျက်လုံးဖွင့်လိုက်တော့ ဘာစိတ်ပေါ်သတုံး. . . (မြင်စိတ်ပေါ်ပါတယ်ဘုရား)၊ မြင်စိတ်ပေါ်တာကလေးကို ဦးခင်မောင်တို့လူစုက ဒီအတိုင်း မနေလိုက်ပါနဲ့၊ စောင့်နေ

တဲ့ သတိ၊ ပညာက လိုက်-လိုက်ပါ၊ လိုက်-လိုက်တဲ့အခါကျ တော့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ မရှိတော့ **'စက္ခု ဝိညာဏံ အနိစ္စံ'** ဆိုတဲ့အတိုင်း မြင်စိတ်ကလေးကို ဖြစ်ပြီး ပျက်တဲ့ ဓမ္မကလေးရယ်လို့ စောင့်နေတဲ့ တရားက မမြင်ပေ ဘူးလား . . . (မြင်ပါတယ်)၊ စောင့်နေတဲ့ တရားအမြင်တော့ ငါမြင်၊ သူမြင်လားလို့ မေးတဲ့အခါကျတော့ ငါမြင်၊ သူမြင်ဆို တာ မဟုတ်ပါဘူး၊ မြင်စိတ်ကလေးက မြင်ပြီးသကာလ မြင်စိတ်ကလေးက မမြင်ဘဲနဲ့ ချုပ်သွားတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်လိုက်တာပေါ့ . . . (မှန်ပါ)။

## မြင်စိတ်ကဖြစ်ပျက်၊ ရှုတာကမဂ်

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတာလည်း ဒကာ ဒကာမတွေ မှတ်မိကြပါလိမ့်မယ်နော် . . . (မှန်ပါ)။

မြင်စိတ်က ဘာလဲ . . . (ဖြစ်ပျက်ပါဘုရား)၊ ရှုတာ က . . . (မဂ်ပါဘုရား)၊ ရှုတာက ဝိပဿနာဖြစ်နေတော့ ဒီဟာ မလာဘူး၊ ဒကာ ဒကာမတွေက စောင့်ကြည့်နေပြီး ပေါ်တဲ့ ဓမ္မကို မလိုက်တော့ပါဘူးလို့ ဒကာ ဒကာမတွေက ခပ်ပေပေနဲ့ နေကြမယ်ဆိုလို့ရှိရင်ဖြင့် မြင်ရင် လိုချင်တယ်ဆို တာ မလာဘူးလား . . . (လာပါတယ်)၊ စွဲလမ်းတယ်ဆိုတဲ့

ဥစ္စာကော . . . (လာပါတယ်)၊ ဒါဖြင့် တဏှာ၊ ဥပါဒါန်က မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မြင်စိတ်ကလေးကို ပထမရှုမှု၊ ရှိက်မှုနဲ့သာစိုက်ပြီးသကာလ ကြည့်နေတုန်း ဖျက်ခနဲ မြင်စိတ်ကလေးပေါ်ရင် မြင်စိတ်နောက်ကို တစ်ခါတည်း စောင့်နေတဲ့ ဓမ္မတွေက ချက်ချင်းလိုက်-လိုက်ပါ၊ ရှင်းကြပလား . . . (ရှင်းပါပြီ ဘုရား)။

## လိုချင်တယ်၊ စွဲလမ်းတယ် အားထုတ်တယ်

အကယ်၍ မလိုက်ဖြစ်တော့ပါဘူးဆိုရင်ဖြင့် မြင်တာကို လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတဲ့ အနာဂတ် အကြောင်းသုံးခု တစ်ခါတည်းပေါ်လာတယ်လို့ မှတ်စမ်းပါနော် . . . (မှန်ပါ)။

ဘာ ပေါ်လာပါလိမ့် . . . (အနာဂတ်အကြောင်းသုံးခု တစ်ခါတည်း ပေါ်လာပါတယ်)၊ အနာဂတ်အကြောင်းသုံးခုပေါ်လာလို့ရှိရင် အနာဂတ်အကျိုးသုံးခုဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာ သုံးခု လာမလား၊ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ လာမယ်ဆိုတာ မသေချာဘူးလား . . (သေချာပါတယ်ဘုရား)။

## ပေါ်ရာကို အနိစ္စရှုပါ

အဲဒါကြောင့် ဒကာ ဒကာမတွေ စောင့်ပြီးသကာလ ပေါ်ရာကို အနိစ္စရှုပါ၊ (ဝါ) ဖြစ်ပျက်ရှုပါဆိုတဲ့ဥစ္စာ ဘာကို ခိုင်းတာတုံး မေးတဲ့အခါကျတော့ ဦးခင်မောင် မှတ်လိုက်စမ်းပါ၊ အခုရှေ့ကပြထားတဲ့ တဏှာ၊ ဉပါဒါန်၊ ကံတွေဖြတ်နေတာလို့ မှတ်လိုက် . . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် . . . (တဏှာ၊ ဉပါဒါန်၊ ကံ ဖြတ်နေတာပါဘုရား)၊ တဏှာ၊ ဉပါဒါန်၊ ကံတွေဖြတ်လိုက်တော့ အကြောင်းသုံးခု ဖြတ်လိုက်တဲ့အတွက် ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့အနာဂတ်ဘဝ အကျိုးသုံးခုလာရဲ့လား . . . (မလာပါဘုရား)၊ ဒါဟာ စောင့်ပြီး ရှုလို့နော် . . . (မှန်ပါ)။

## စောင့်ပြီးမရှုတဲ့ပုဂ္ဂိုလ်

ဒါဖြင့် စောင့်ပြီး မရှုတဲ့ ပုဂ္ဂိုလ်များအတွက်မှာဖြင့် ဩော် . . . ဘာများ ဖြစ်ရှာမှာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် မြင်တဲ့စိတ်၊ ဖြစ်ပျက်မရှုတဲ့အတွက် လိုချင်တယ်၊ စွဲလမ်းတယ်၊ မရ, ရအောင် အားထုတ်မယ်ဆိုတဲ့ တရား သုံးခု မလာပေဘူးလား . . (လာပါတယ်) ဒါ အနာဂတ်အကြောင်း မဟုတ်ဘူးလား . . . (မှန်ပါ)၊ အနာဂတ်အကြောင်းဆိုတာ အခုအကြောင်းတော့ လုပ်ထား

တာပဲ၊ သေသည်၏ အခြားမဲ့၌ ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား . . . (လာပါတယ်)၊ ဇာတိ၊ ဇရာ၊ မရဏဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ အဲဒီ ဒုက္ခသစ္စာတွေ လာမှာစိုးလို့ ဘုန်းကြီးက ဒကာ ဒကာမတွေ မြင်စိတ်ပေါ်လာလို့ ရှိရင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါ၊ ညှိသည်စိတ်ကလေးပါ၊ ငါမြင်၊ သူမြင် မဟုတ်ပါဘူး၊ အခုမှ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာပါ၊ အဲဒီ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာ ကလေးကို ခင်ဗျားတို့ ငါလည်းမထင်ပါနဲ့၊ သူလည်း မထင်ပါနဲ့၊ အနိစ္စကလေးလို့ မထင်-ထင်အောင်လိုက်ပါ၊ အနိစ္စမို့ အနိစ္စလို့သိအောင် လုပ်ပါလို့ဆိုတာဟာ အလုပ်သင်တာပဲလို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## မြင်ရင်၊ မြင်စိတ်ဖြစ်ပျက်ရှု

ဒါဟာ အလုပ်သင်နေတာနော် ဒကာ ဒကာမတို့. . (မှန်ပါ)၊ မြင်ရင် မြင်စိတ်ကလေး ဘာလုပ်ရမလဲ. . . (ဖြစ်ပျက် ရှုရပါမယ်)၊ မရှုရင် ဘယ်သူ လိုက်လာမယ်. . . (တဏှာ၊ ဥပါဒါန်၊ ကံ လိုက်လာပါမယ်)၊ သေသည်၏ အခြားမဲ့၌ ဘာတွေများ အမွေရမလဲလို့ မေးလို့ရှိရင် ဇာတိ၊ ဇရာ၊ မရဏရမယ် . . . (မှန်ပါ)။

ဘာတွေရမယ်ထင်သတုံး. . . (ဇာတိ၊ ဇရာ၊ မရဏ ရပါတယ်)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့ မြင်ရုံကလေးပဲ ဘာအပြစ်ရှိသတုံးလို့ ဒီစကားမျိုးကို မသုံးလိုက်ပါနဲ့လို့ ဒကာသစ်တို့ကို သတိပေးလိုက်ပါတယ် . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာ ညှော်သည်လား၊ အိမ်သည် လားဆိုတော့ ယခု ဒီရောက်မှ ပေါ်တာပဲ ဆိုကြပါစို့. . . (မှန်ပါ)၊ ဒါဖြင့် ညှော်သည်စိတ်ကလေး ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ပဲ ရှုရမှာပါဘုရား)၊ ထိုင်ရင်းမတ္တာနဲ့၊ စောင့်နေရင်း မတ္တာနဲ့ ဟိုက ဒုန်းခနဲ ဒိုင်းခနဲ အသံလေးက ကြားပြန်တယ် ဆိုတာက ဒကာ ဒကာမတို့ ဘာစိတ်ပေါ်သတုံး. . . (ကြား စိတ်ပေါ်ပါတယ်ဘုရား)၊ ကြားစိတ်ပေါ်လို့ ဪ. . . ကြား ရတာ လန့်သွားတယ်ဆိုတော့ **ဒေါသ၊ သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ** မလိုက်ပေဘူးလား. . . (လိုက်ပါ တယ်ဘုရား)။

## ကြားရင်ကြားစိတ်ဖြစ်ပျက်ရှု

ဒါ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့ ကြားစိတ်ကလေးလာလည်း ဒကာ ဒကာမတွေ စောင့် ပြီး ရှုပါဆိုတာကို မရှုလိုက်မိတဲ့အတွက် ဒီကနေပြီး **ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ**ကျ

အောင် ပဋိစ္စသမုပ္ပါဒ် အဆုံးက ဆက်မလာဘူးလား. . . (ဆက်လာပါတယ်)၊ ဆက်လာတော့ကို ဒါလည်း အနာဂတ် အကြောင်းဖြစ်ထိုက်၊ မဖြစ်ထိုက် . . . (ဖြစ်ထိုက်ပါတယ် ဘုရား)၊ အဝိဇ္ဇာသင်္ခါရပြီးတော့ ဝိညာဏ်မလာပေဘူးလား . . . (လာပါတယ်)၊ ဝိညာဏ်ဆိုတော့ ပဋိသန္ဓေလာခဲ့သော် ဒကာ ဒကာမတို့ ဇာတိထဲက ဇရာ ဗျာဓိသွားတဲ့ ပုဂ္ဂိုလ်ပဲ၊ ကျုပ်တို့အပါအဝင် မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်)။

အဲဒါ စိုးရိမ်တဲ့အတွက် ဒကာ ဒကာမတွေ ဒါကလေး ဟာ အိမ်သည်လား၊ ဧည့်သည်လား စဉ်းစားစမ်းပါ၊ ကြားစိတ် ကလေးဟာ . . . (ဧည့်သည်ပါဘုရား)၊ အခုမှ ပေါ်လာတဲ့ ဧည့်သည်ကလေးဆိုတာကော ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)။

## ဉာဏ်ကနံ့တယ်၊ ဒိဋ္ဌိကများတယ်ဆိုရင်

ကောင်းပြီ၊ ဒါကို ဆရာဘုန်းကြီးသည် ဒီဒကာ ဒကာမတွေကို ဘာ့ကြောင့် စိတ္တာနုပဿနာ သင်ရပါသလဲလို့ ဦးခင်မောင် မေးဖို့မလိုဘူးလား . . . (လိုပါတယ်)၊ ဒကာ ဒကာမတို့ ယခု ဘာဟောနေပါလိမ့် . . . (စိတ္တာနုပဿနာ ဟောပါတယ်ဘုရား)၊ စိတ္တာနုပဿနာကို မနေ့ကစပြီး ယနေ့ ဆက် ဟောပြန်တယ်ဆိုတာ ဒကာ ဒကာမတွေက သိထား

တော့မှ စိတ္တာနုပဿနာကို **သမ္မောအဌကထာ** စသည်တို့မှာ ဉာဏ်က လည်း နုံ့ကြတယ်၊ ဒိဋ္ဌိကလည်း များကြတယ်၊ ငါ့စိတ်လို့ ထင်တယ်၊ ငါကြားတယ်လို့ ဒီဥစ္စာထင်လို့ရှိရင် ဒိဋ္ဌိမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ ငါမြင်တယ်ဆိုရင်ကော . . . (ဒိဋ္ဌိပါဘုရား)၊ အဲဒီတော့ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်ပြန်တယ်၊ စိတ်ပေါ်မှာလည်း ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်များ ဖြစ်လေသောကြောင့် အပါယ်လေးပါးသွားမှာ အင်မတန်မှ နီးကပ်တဲ့တရားဖြစ်နေသောကြောင့် ဒကာ ဒကာမတို့ စိတ္တာနုပဿနာကို အရင်ရှုပါ. . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါ, ပါပြီ)။

## စိတ္တာနုပဿနာရှု

ဘာရှုရမလဲ. . . (စိတ္တာနုပဿနာကို အရင်ရှုရပါမယ်ဘုရား)၊ စိတ္တာနုပဿနာကို အရင်ရှုတော့ ဒိဋ္ဌိအပြုတ်ပြန်တယ်လို့ ဒကာ ဒကာမတွေက မှတ်ထားစမ်းပါ . . . (မှန်ပါ)။

ဒီလို မှတ်ထားလိုက်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ဩော်. . . ဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့ကြောင့် အပါယ်ရောက်နေတဲ့ဥစ္စာဖြင့် တို့ဝိပဿနာရှုတာ ဘာပါလိမ့် မတုံးလို့ မေးမနေနဲ့၊ ဒိဋ္ဌိသတ်နေတာလို့ မှတ်ပါ. . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ. . . ဒါဖြင့် စိတ်နှစ်စိတ်ပြီးသွားပြီနော် . . . (မှန်ပါ)၊ ဉည့်သည်နှစ်ခုပြီးသွားပြီ . . . (မှန်ပါ)၊ အနံ့ကလေး တစ်ခုနံ့လာတယ်၊ လူတွေထဲမှာနေကြတဲ့အတွက် နံ့တော့ နှာခေါင်းထဲမှာ နံ့စိတ်ကလေး မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်)၊ ချက်ချင်းလိုက်ပြီး ဖြစ်ပျက်ရှုရင် ရှုပါ ဒကာ ဒကာမတို့နော် . . . (မှန်ပါ)၊ မရှုလို့ရှိရင် ဘယ်သူက နံ့တယ်၊ ဘယ်ဝါက နံ့တယ်ဆိုလို့ရှိရင် **ဒေါသ သောက ပရိဒေဝ** မလိုက်ပေဘူးလား . . . (လိုက်ပါတယ်ဘုရား)။

## နံ့တဲ့စိတ်ဖြစ်ပျက်ရှု

လိုက်လို့ရှိရင် အဝိဇ္ဇာပါမလာဘူးလား . . . (ပါလာပါတယ်)၊ **အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ** နဲ့ အနာဂတ် ဘဝတွေ မလာပေဘူးလား . . . (လာပါတယ်) ဒါကြောင့် နံ့တဲ့စိတ်ကလေးနှာခေါင်းထဲ ဉည့်သည်စိတ်ကလေးပေါ်လည်း ဘာလုပ်ရမယ် . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီက ဒုက္ခဒေါမနဿတွေ ဒကာ ဒကာမတွေ မသေပေဘူးလား . . . (သေပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ နောက်က လာမည့် **ဒုက္ခ ဒေါမနဿ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ**တွေ မသေကြပေဘူးလား . . . (သေပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီစိတ်တွေပေါ်လာရင် နံ့စိတ်ပေါ်လည်း ဖြစ်ပျက်ရှုပါဆိုတာ သဘောကျပလား . . . (ကျပါပြီ)၊ ဘာဖြစ်လို့ သဘောကျသတုံးလို့ မေးတဲ့အခါကျတော့မှ အနာဂတ်အကြောင်းတွေပြတ်လို့၊ အနာဂတ်အကျိုးတွေ မပေါ်တာပါဘုရားလို့ဆိုတာ ခင်ဗျားတို့ အကျိုးခံစားရတာပဲ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အနာဂတ်အကြောင်းတွေ ဖြစ်သွားသတုံး . . . (ပြတ်သွားပါတယ်)၊ ဒါဖြင့် အနာဂတ်အကျိုးတွေ ဘယ့်နှယ်နေသတုံး . . . (မပေါ်ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေတို့ ဒီဟာသည် **အဝိဇ္ဇာသင်္ခါရ**တွေ ဆက်နေတဲ့ တရားပဲဆိုရင်ကော လွဲပါ့မလား . . . (မလွဲပါဘုရား)။

## နောက်ခန္ဓာအစဉ်ပြတ်အောင်ရှုတာ

ဒါကြောင့် ဝိပဿနာဆိုတာသည် နောက်ခန္ဓာအစဉ်ပြတ်သွားအောင် ရှုတာပါပဲဆိုတာ ရိပ်မိကြပလား . . . (ရိပ်မိပါပြီ)၊ နောက်ခန္ဓာအစဉ်ပြတ်သွားအောင် ရှုတော့နောက်ခန္ဓာအစဉ်ဟာ ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါ) ဩော် . . . ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များ ဒုက္ခပြတ်ပါလားဆိုတာ တစ်ပွဲလုံး မှတ်ရလိမ့်မယ် . . . (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် လျှာပေါ်မှာ ကိုယ့်တံတွေးကလေး မျို ကိုယ့်သလိပ်ပဲ ကိုယ်မျိုမျို စားစား စိတ်ကလေးတွေ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ ရှေးက ပေါ်တာလား၊ အခုမှ ပေါ်တာလား . . . (အခုမှ ပေါ်တာပါ)၊ ဒါဖြင့် ပစ္စုပ္ပန်စိတ်ပဲ၊ အဲဒီ ပစ္စုပ္ပန်စိတ်ကို ဒကာ ဒကာမတွေက ဖြစ်ပျက်ပဲဆိုတဲ့ အနိစ္စကို ရှုဖြစ်အောင်ရှုပါ၊ မရှုလို့ရှိရင်ဖြင့် စားရတာကောင်းရင် တဏှာ ဥပါဒါန် ကံလိုက်ပါလိမ့်မယ်၊ သဘောကျပလား . . . (ကျပါပြီ)၊ စားရတာ မကောင်းဘူးလို့ ခင်ဗျားတို့ထင်လို့ရှိရင် ဒေါသ သောက ပရိဒေဝကော . . . (လိုက်ပါတယ်ဘုရား)၊ စားတဲ့စိတ်ကလေး ပေါ်မှန်းမှ မသိလို့ရှိရင် အဝိဇ္ဇာသင်္ခါရလိုက်တယ် . . . (မှန်ပါ)။

## ဒိဋ္ဌိသတ်ပြီးရင်သောတာပန်တည်နိုင်

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တွေချည်း ဆက်လိုက်နေတော့ ဒကာ ဒကာမတို့ အကြောင်းတွေချည်း ဆက်လိုက်နေတဲ့ အတွက် အကျိုးဒုက္ခတွေ မရပေဘူးလား . . . (ရပါတယ်) အဲဒါဟာ ဘုရားဟောနည်းအတိုင်း ဘုန်းကြီးက စိတ္တာနုပဿနာ အရှုခိုင်းနေတာဟာ ဒိဋ္ဌိသတ်နိုင်လို့၊ ဒိဋ္ဌိသတ်ပြီးရင် သောတာပန်တည်နိုင်တယ်လို့ မှတ်ပါ . . . (မှန်ပါ)၊ ဆက်လက်ပြီး ကျန်တဲ့ တဏှာမာနတွေ သတ်နိုင်ပြန်လို့ရှိရင်

လည်း သကဒါဂါမိ၊ အနာဂါမိ ရဟန္တာ ဖြစ်နိုင်တယ်လို့မှတ်ပါ . . . (မှန်ပါ)၊ ဒါကြောင့် သောတာပန် အရင်တည်နိုင်အောင်လို့ စိတ္တာနုပဿနာကို စပြီးဟောနေပါတယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## စိတ္တာနုပဿနာဘာ့ကြောင့်ဟောရပါလိမ့်

ဘယ့်နှယ်ကြောင့် စိတ္တာနုပဿနာဟောရပါလိမ့်မတုံးဆိုတော့ ဒါ ငါ စားတယ်ဆိုတော့ ဒကာ ဒကာမတွေ စားစိတ်က စားတာကို ခင်ဗျားတို့က ငါ စားကောင်းလိုက်တာလို့ မထင်ဘူးလား . . . (ထင်ပါတယ်)၊ ဒါဖြင့် စားစိတ်ပေါ်မှာ ဒိဋ္ဌိပါ-မပါ . . . (ပါ, ပါတယ်ဘုရား)။

ငါ စားကောင်းလို့၊ ငါ့သားကလေး၊ ငါ့သမီးလေးလည်း ငါ ကျွေးချင်လိုက်တာဆိုတော့ အတ္တနိယ-ကော မလာပေဘူးလား . . . (လာပါတယ်)၊ အဲ . . . အတ္တလာလို့ရှိရင် အတ္တနိယ လာမှာစိုးတဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာ အရှုခိုင်းပါတယ်ဆိုတာကော ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ယားနာတဲ့စိတ်

ကိုင်း. . . ခန္ဓာကိုယ်မှာ ယားတယ်၊ နာတယ်ဆိုတော့ ဒကာ ဒကာမတို့ ဒီယားတဲ့စိတ်ဟာ အိမ်က ပါလာတာလား၊ ဒီကျမှ ပေါ်လာတာလားဆိုရင် ဘယ့်နှယ်ဖြေမလဲ. . . (ဒီကျမှ ပေါ်တာပါ)၊ ဒါဖြင့် **ပစ္စုပ္ပန်ယားနာတဲ့စိတ်-ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ပဲ** . . . (မှန်ပါ)၊ သေချာပလား (သေချာပါပြီ)။

အဲဒါပေါ်ရာကို လိုက်ပါဆိုတော့ ဒကာသစ်တို့ကဖြစ်ဖြစ်၊ ဦးခင်မောင်တို့ကဖြစ်ဖြစ် လိုက်ပြီးရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်ဟာ တန်းမသွားဘူးလား . . . (တန်းသွားပါတယ်)၊ အကယ်၍ မရှုတော့ပါဘူးဆိုတော့ နာတာကို မခံချင်စိတ်လာတဲ့အခါကျတော့ ဒေါသ သောကပရိဒေဝ ဒုက္ခ ဒေါမနဿနောက်က လိုက်မလား၊ မလိုက်ဘူးလား . . . (လိုက်ပါတယ်)၊ လိုက်ပြန်လို့ရှိရင်လည်း အဝိဇ္ဇာသင်္ခါရနဲ့တကွတွဲပြီးသကာလ အနာဂတ်အကျိုးတွေ ကိုယ်ပိုင်မရပေဘူးလား၊ ရမလား . . . (ရပါတယ်)၊ အဲဒါ လိုက်မှာစိုးတဲ့အတွက် ဒကာ ဒကာမတွေ နောက်ဒုက္ခတွေဖြစ်နေတယ်ဆိုတာကော ကျေကျေနပ်နပ်သဘောကျပလား. . . (ကျပါပြီ)။

ဘာဖြစ်နေတာတုံး . . . (နောက်ဒုက္ခဖြစ်နေတာပါ)၊ ခင်ဗျားတို့ ရပြီးသားဒုက္ခကို မမြင်တဲ့ပုဂ္ဂိုလ်ဟာ နောက်ဒုက္ခ ဘယ်တော့မှ မဖြတ်နိုင်ဘူး၊ ရှင်းပလား . . (ရှင်းပါပြီ)။

## ယခုဒုက္ခမြင်မှ နောက်ဒုက္ခဖြတ်နိုင်တယ်

ရ ပြီးသား ဒုက္ခ မမြင်တဲ့ ပုဂ္ဂိုလ်များဟာ. . . (နောက်ဒုက္ခကို မဖြတ်နိုင်ပါဘူး)၊ ဟော . . . ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ မှတ်ထားပါ . . . (မှန်ပါ)။

ဖြစ်ပျက်ဟူသရွေ့ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာလည်း ဖြစ်ပြီးပျက်တဲ့ ဓမ္မမှတစ်ပါး ဘာရှိသေးတုံး. . . (ဘာမှမရှိပါဘုရား)၊ ဘာမှမရှိတော့ တစ်ကိုယ်လုံး ဘာသစ္စာဖွဲ့မတုံး . . . (ဒုက္ခသစ္စာဖွဲ့ပါမယ်)၊ အဲ. . . တစ်ကိုယ်လုံး ဒုက္ခသစ္စာကြီးကို ဉာဏ်တစ်ခါတည်းလှည့်ထား၊ ပေါ်ရာ ဒုက္ခသစ္စာချည်းပဲမှတ်ထား . . . (မှန်ပါ)။

## တစ်ဘဝနဲ့ ကိစ္စပြီးနိုင်တဲ့တရား

ပေါ်တဲ့ ဓမ္မဟူသရွေ့ ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခသစ္စာချည်းပါဘုရား)၊ အဲ. . . ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းနောက်က ဝိပဿနာရှုလိုက်တော့ ပေါ်မလာဘူးလား. .

(ပေါ်လာပါတယ်)၊ အဲဒါ ရှုတဲ့မဂ် ပေါ်လာတာပဲ၊ မဂ်ပေါ် လာတော့ မဂ်သည် ဘာလုပ်ပါလိမ့်မတုံးဆိုတော့ ဒကာ ဒကာမတို့ အနာဂတ်အကြောင်းတွေလည်းဖြတ်သောကြောင့် အနာဂတ်အကျိုးတွေ လာသေးရဲ့လား . . . (မလာပါ ဘုရား)၊ အဲဒီကျအောင် ဒကာ ဒကာမတွေ ရှုပါ၊ ဒါဟာ တစ်ဘဝနဲ့ကိစ္စပြီးနိုင်တဲ့ တရားဆိုတာကော ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

တစ်ဘဝနဲ့ ကိစ္စပြီးနိုင်တဲ့တရား ခင်ဗျားတို့ ဒုက္ခကို တာရှည်ခံချင်သလား၊ ဒီဘဝတွင်ပဲ ကိစ္စတုံးသွားရင် မကောင်းလားဗျာ . . . (ကောင်းပါတယ်ဘုရား)၊ အဲဒါ မကြိုးစားရင်တော့ မရဘူးဆိုတာကော ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ ကြိုးစားကြပါဆိုတာ ဘုန်းကြီးက ဒီကနေပြီး လေးလေးနက်နက်ပဲ ခင်ဗျားတို့ကို တိုက်တွန်းနှိုးဆော်ပြီး သကာလ ကိုယ့်အရေးကိုယ်သိကြပါဆိုတာကိုလည်း သေသေချာချာပြောပေးနေတယ်ဆိုတာ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ချမ်းသာတဲ့စိတ်

ကောင်းပြီ၊ ဒါဖြင့် ကိုယ်ပေါ်မှာ တစ်ခါတလေကျ တော့ လေကလေးကတိုက်၊ မီးကလေးလှုံတဲ့အခါကျတော့

ကောင်းတဲ့စိတ်ကလေး၊ ချမ်းသာတဲ့စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်)၊ ပေါ်သည်နဲ့ တစ်ပြိုင်နက်တည်း ချမ်းသာတဲ့ စိတ်ကလေးဟာ ချမ်းသာလိုက်တာ၊ သဘောကျလိုက်တာ၊ နှစ်သက်လိုက်တာ မီးဖိုနားတိုးရဦးမယ်ဆိုတဲ့ သဘောမျိုးဆိုလို့ရှိရင် တဏှာ၊ ဉပါဒါန် ကံမလာပေဘူးလား . . (လာပါတယ်)၊ အဲဒီအနာဂတ် အကြောင်းတွေ လာမှာစိုးတဲ့အတွက် ဦးခင်မောင် သုခစိတ်ကလေး လာရင်လည်း ဘာလုပ်ရမလဲ . . . (ဖြစ်ပျက် ရှုရပါမယ်)၊ သုခစိတ်က ဖြစ်ပျက် ရှုတာက မင် . . . (မှန်ပါ)။

## သစ္စာနှစ်ခုကိုဖြတ်ပေးနေတာ

ဒီလို သံသရာပြတ်သွားမယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီဘက်က ပေါ်လာတာ သမုဒယသစ္စာကလေး ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ သူက လုပ်မှ ဖြစ်မည့်နောက် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာကော. . . (မရှိပါဘုရား)၊ မရှိတော့ ဒကာ ဒကာမတို့၊ သစ္စာနှစ်ခု သမုဒယနဲ့ ဒုက္ခကို ခင်ဗျားတို့ ဖြတ်ပေးနေတဲ့အလုပ်ဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်ပါ)၊ ဒီသုံးခုက သမုဒယသစ္စာ၊ နောက်လာမှာက . . . (ဒုက္ခသစ္စာပါ)၊ ယခုတွေ့နေတာ မရှုရင် နောက်ဆက်လာမှာက ဘာဆိုကြမယ် . . . (ဒုက္ခ

သစ္စာပါ)၊ မရှုရင် ဆက်လာမယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)၊ တဏှာ၊ ဥပါဒါန် ကံမလာပေဘူးလား. . . လာပါတယ်၊ အဲဒါက ဘာသစ္စာတုံး . . . (သမုဒယသစ္စာပါ)၊ သေသည်၏ အခြားမဲ့၌ ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား . . . (လာပါတယ်)၊ အဲဒါ တွေက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ဒါဖြင့် ဝိပဿနာရှု တဲ့ပုဂ္ဂိုလ်များမှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပြတ်တယ်. . . (မှန်ပါ)။

## ဝိပဿနာရှုရင် ဘာပြတ်ပါလိမ့်

ဦးခင်မောင် ဘာပြတ်ပါလိမ့် . . . (သမုဒယသစ္စာ နဲ့ ဒုက္ခသစ္စာပြတ်ပါတယ်)။

နောက်က ဒကာ ဒကာမတွေ သေသေချာချာ မမြင် မြင်အောင် ပြနေတယ်၊ ဒီရှုလိုက်သည်နဲ့တစ်ပြိုင်နက်တည်း တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ သမုဒယသုံးခုဟာ လာသေးရဲ့ လား. . . (မလာပါဘုရား)၊ သမုဒယဆိုတာ ဒုက္ခဖြစ်ကြောင်း သုံးခု မလာတော့ ဖြစ်ကျိုးသုံးခုဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏ ကော လာသေးရဲ့လား . . . (မလာပါဘုရား)။

ဩော်. . . ဒါဖြင့် တို့ကို စိတ္တာနုပဿနာပေးထား တာသည်ကားလို့ဆိုရင်ဖြင့် သမုဒယနဲ့ ဒုက္ခချုပ်အောင်လုပ်

တာပါလားဆိုတာကော ပေါ်လာကြပလား . . . (ပေါ်လာပါပြီ)၊ ဒါဖြင့်ရင် လုပ်ဖြစ်အောင်လုပ်ပါလို့ အားလုံးကို တိုက်တွန်းရတယ်နော် . . . (မှန်ပါ)၊ မလုပ်ဖြစ်ရင် ဒကာသစ်ဖြစ်ကို မဖြစ်ဘူး . . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## အတွင်းဧည့်သည်စိတ်

ကောင်းပြီ၊ ဒါဖြင့် အပြင်ဧည့်သည်ခြောက်ဦးပြီးသွားပြီ . . . (မှန်ပါ)၊ အတွင်းဧည့်သည်စိတ် ငါးခုရှိတယ်ဆိုတာလည်း ရှင်းပြပါမယ်၊ အတွင်းဧည့်သည်က တစ်ခါတလေတောင်မဟုတ်ပါဘူး၊ လောဘဟာ များများပေါ်တတ်ပါတယ်၊ အဲဒီလောဘကလေး ပေါ်လာလို့ရှိရင်လည်း ဒကာဒကာမတွေဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်လို့ရှိရင် လောဘဟာ လောဘအတိုင်းချုပ်သွားပြီးတော့ တဏှာချုပ်သွားတော့ ဥပါဒါန် ကံတွေလာသေးရဲ့လား . . . (မလာပါဘုရား)၊ မလာတော့ အနာဂတ် အကြောင်းတွေ ဘယ့်နှယ်နေသတုံး . . . (ချုပ်ပါတယ်)၊ အနာဂတ်အကြောင်းချုပ်တော့ အနာဂတ်အကျိုးတွေကော လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)။

ဩော် . . . ဒါဖြင့် တို့ လောဘလာလည်း ဖြစ်ပျက်ရှုဖို့ပဲဆိုပြီး သကာလ **" သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ"** လုပ်ရမှာပေါ့ဗျာ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဒေါသစိတ်လားဖြစ်ပျက်လား?

အကယ်၍ အကြောင်းမညီညွတ်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲမှာ ဒေါသကလေးပေါ်လာတဲ့အခါကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ အဲဒါကလေး ဦးခင်မောင်သတိထားပြီး သကာလ စိုက်ပြီးရှုလိုက်တာပေါ့ . . . (မှန်ပါ)၊ ဒေါသစိတ်ကလေး ရှုလိုက်တော့ ဒေါသလား ဖြစ်ပျက်လား . . . (ဖြစ်ပျက်ပါဘုရား)၊ ရှုတာက . . . (မဂ်ပါဘုရား)၊ ဒီလိုဆိုတော့ ပရိဒေဝနောက် ချုပ် မချုပ်. . . (ချုပ်ပါတယ်ဘုရား)၊ ချုပ်ခြင်းကြောင့် ဒကာ ဒကာမတို့ နောက်ဘဝဆိုတဲ့ အဝိဇ္ဇာသင်္ခါရ ပေါ်သေးရဲ့လား . . . (မပေါ်ပါဘုရား)။

ဩော် . . . ဒါဖြင့် မဂ်တစ်ခုသည် ငါးတို့ကို ကယ်မည့် ယူမည့် တရားပဲဆိုတော့ သေချာပလား . . (သေချာပါပြီ)။

## မဂ်သည် ကယ်မည့်ယူမည့်တရား

မဂ်တစ်ခုဟာ ဘာပါလိမ့် . . . (ကယ်မည့် ယူမည့် တရားပါဘုရား) ၊ အဲဒီတော့ ကယ်မည့် ယူမည့်တရားကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မလုပ်ဖြစ်ကြဘူးဆိုရင် ခင်ဗျားတို့ ကယ်မည့် ယူမည့် တရားမရှိတဲ့ ပုဂ္ဂိုလ်တွေပဲ . . . (မှန်ပါ)၊ ရေထဲနစ်နေတဲ့ ပုဂ္ဂိုလ်ဟာ လှေကလည်း မလာ၊ သင်္ဘောကလည်းမလာ၊ ကူပြီး ဆယ်မည့်သူကလည်း မပါ ဆိုတော့ ဒီရေနစ်သမားလောက် ကံဆိုးတာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ရေထဲနစ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ကယ်မည့်ယူမည့်သူ ပေါ်သေးရဲ့လား . . . (မပေါ်ပါဘုရား)၊ ခင်ဗျား တို့မှာလည်း ကံက ပစ်ချလိုက်တဲ့အခါကျတော့ အခုတဏှာ ရေထဲမှာ မျောနေကြတယ်၊ တဏှာခိုင်းတာ အကုန်လုပ်နေ ကြတယ် . . . (မှန်ပါ)၊ သဘောကျပါလား . . . (ကျပါပြီ)။

## တဏှာရေထဲ မျောနေကြတယ်

ခင်ဗျားတို့ ကံပစ်ချလိုက်တာက ဘယ်ရေထဲမှာ ပစ်ချလိုက်ပါလိမ့် . . . (တဏှာရေထဲမှာပါ)၊ တဏှာရေထဲမှာ ခင်ဗျားတို့ တောင်ရောက်သွား၊ မြောက်ရောက်သွား၊ ဘာဖြစ်

လို့ သွားတာတုံး၊ လိုချင်၊ ရချင်ကြလို့ မြောက်ကလူက တောင် သွားတာကော . . . (လိုချင်၊ ရချင်လို့ပါ)၊ အရှေ့ကလူက အနောက်သွားတာကော . . . (လိုချင်၊ ရချင်လို့ပါ)၊ အနောက်ကလူက အရှေ့သွားတာကော. . . (လိုချင်၊ ရချင်လို့ပါ)၊ ဘယ်ထဲမှာ မျောနေသတုံး . . . (တဏှာထဲ မျောနေပါတယ်ဘုရား)။

ဩော် . . . ကံက ပစ်ချလိုက်တာ ဒကာ ဒကာမတို့ တဏှာရေထဲ မျောနေတော့ တဏှာဆိုတာ ကာမဘဝ၊ ကာမောဃပဲ၊ ဩဃဆိုတာ ဝဲပဲ၊ ဒီတော့ တဏှာရေကလည် ပါများလေလေ နောက်ဆုံးပိတ်ကျတော့ တစ်ခါတည်း မြုပ် သွားတာပဲ၊ ဩဃကိုး ဦးခင်မောင် . . . (မှန်ပါ)။

ကာမောဃဆိုတော့ ဒကာ ဒကာမတွေ မြုပ် မသွားပေဘူးလား . . . (မြုပ်သွားပါတယ်)၊ သေသည်၏ အခြားမဲ့၌ တဏှာရေထဲမျောပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ၊ လုပ်ရင်း ကိုင်ရင်း သေတဲ့ပုဂ္ဂိုလ်ဟာ အားလုံး ဒီဘက်က ဒကာ ဒကာမ တွေမြုပ်ဖို့ရာ အကြောင်း မသေချာဘူးလား . . . (သေချာပါ တယ်)၊ ဒါ ဘယ့်နှယ်ကြောင့်တုံး . . . လူက မျောနေတာကိုး ဗျ၊ သေတော့ မမြုပ်ပေဘူးလား . . . (မြုပ်ပါတယ်ဘုရား)။

## ဝိပဿနာမဂ်သည် ကယ်ယူမည့်တရား

အဲဒီတော့ ခင်ဗျားတို့ တဏှာရေက ပစ်ချလိုက်တာ၊ တဏှာရေထဲမှာ၊ ဝဲဩဃထဲမှာ လည်စေပြီးသကာလ နောက်ဆုံးပိတ် မြုပ်စေတဲ့ တရားကို ကယ်မည့် ယူမည့်သူ ယနေ့တွေ့ပြီမလား . . . (တွေ့ပါပြီဘုရား)၊ ဟောဒီ ဝိပဿနာရှုတဲ့ မဂ်ဟာ ကယ်မည့်ယူမည့်သူပဲ . . . . (မှန်ပါ)၊ သဘောပါကြပြီလား . . . (ပါ, ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့မှာ ဘုန်းကြီးက သတိပေးနေတယ်၊ ဦးခင်မောင်တို့ ဒကာသစ်တို့ ခင်ဗျားတို့ကယ်မည့်ယူမည့်သူကို ဘုန်းကြီးပေးထားတယ်၊ ခင်ဗျားတို့က အဲဒါကယ်မည့် ယူမည့်သူကို ရန်သူထင်နေလို့ရှိရင် ခင်ဗျားတို့လှည့်လည်ပြီးသကာလ မြုပ်ပါလိမ့်မယ်လို့ ပြောရတယ် . . . (မှန်ပါ)၊ ဝဲထဲလည်ပြီးသကာလ မြုပ်သွားလိမ့်မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် တရားတစ်ပွဲလုံး ဒကာ ဒကာမတွေ လေးလေးနက်နက် သတိပေးနေပါတယ်၊ ခင်ဗျားတို့ ကံက ပစ်ချလိုက်တာက လုပ်စားရမည့်ဘဝ၊ ရှာစားရမည့်ဘဝထဲ ရောက်နေကြတယ်၊ တဏှာရေထဲ လည်နေရတယ်၊ မလည်ရဘူးလား . . . (လည်ရပါတယ်)။

လည်တော့ သူလည်သလောက်သာ ကျုပ်တို့က လိုက်နေတော့ ခင်ဗျားတို့မှာ လည်နေတဲ့ဥစ္စာ ကယ်မည့် ယူမည့် သူတည်းဟူသော မဂ္ဂင်ဖောင်ကြီးကိုလည်း ခင်ဗျားတို့က ကိုယ်တိုင်လည်း မလုပ်တတ်၊ လုပ်ပေးတဲ့ ပုဂ္ဂိုလ်က လုပ်ပေးပြန်တော့လည်း ကိုယ်တိုင်ဖောင်ကို မဆင်ဘဲနဲ့ ခင်ဗျားတို့က နေလိုက်မယ်ဆိုလို့ရှိရင် လည်ပြီး မြုပ်ပါလိမ့်မယ်၊ ဒီဒကာ ဒကာမတွေဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)၊ သဘောပါကြပလား . . . (ပါ, ပါပြီ ဘုရား)။

## မဂ္ဂင်ရှစ်ပါးသည် ကယ်ယူမည့်တရား

ဒါဖြင့် ဒကာ ဒကာမတွေ ယခု ကယ်မည့် ယူမည့် တရားဆိုတာ သဘောပါကြပလား . . (ပါ, ပါပြီ)၊ ဘယ် တရား ပါလိမ့် . . . (မဂ်တရားပါဘုရား)၊ မဂ်တရားဆိုတော့ ရှုတဲ့ မဂ္ဂင်တရားသည် မဂ္ဂင်ငါးပါး၊ မဂ္ဂင်ရှစ်ပါးသည် ဒကာ ဒကာမတို့ကို ကယ်မည့် ယူမည့်တရား . . . (မှန်ပါ)။

ခင်ဗျားတို့ သေလမ်းကို သားက တားနိုင်ရဲ့လား . . . (မတားနိုင်ပါဘုရား)၊ သမီးကကော . . . (မတားနိုင်ပါ ဘုရား)၊ အပါယ်သွားတာကိုကော သားက၊ သမီးက ပစ္စည်း က . . . (မတားနိုင်ပါဘုရား)၊ ဒါဖြင့် ဟိုဟာတွေဟာ

ကယ်မည့်ယူမည့်လူ မဟုတ်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ)။

ဟောဒီ မဂ္ဂင်ကတော့ တစ်ခါတည်း ခင်ဗျားတို့ ယခု လည်နေတဲ့ ဝဲသြဃကြီးဆိုတဲ့ ကာမောဃကြီးကိုလည်း ဦးခင်မောင် လာခွင့်ပေးသေးရဲ့လား . . . (မပေးပါဘုရား)၊ တဏှာလာခွင့်ပေးသေးရဲ့လား . . . (မပေးပါဘုရား)၊ အဲဒီတော့ ဝဲသြဃကိုလည်း မလည်အောင် သူလုပ်ပေးနေတယ် မဂ္ဂင်က . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ နောက် သေသည်၏ အခြားမဲ့၌ မြုပ်ဖို့ရာဆိုတာကော သူက မကန့်ကွက်ဘူးလား . . . (ကန့်ကွက်ပါတယ်)၊ ဒါဖြင့် ဒကာ ဒကာမတို့အားကိုးရာ အစစ်သည် မဂ္ဂင်ဖြစ်တာပဲ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## အားကိုးရာ အစစ်ကဘာတုံး

အားကိုးရာအစစ်က ဘာတုံး . . . (မဂ္ဂင်ပါဘုရား)၊ မဂ္ဂင်ပဲရှိတော့တယ် ဒကာ ဒကာမတို့၊ တခြားသောတရားက ဖြင့် အားကိုးရာ ဒါလောက် မဟုတ်ဘူးဆိုတာကော ယနေ့ ရှင်းရှင်းလင်းလင်း သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒေါသလာလည်း ဖြစ်ပျက်ရှုပါနော် . . . (မှန်ပါ)၊ စိတ်ထဲမှာ သံသယကလေး

ရှိနေရင်လည်း ဘုရားကို ဘုရားမှ ဟုတ်ရဲ့လား၊ တရားကို တရားမှ ဟုတ်ရဲ့လား၊ သံဃာကို သံဃာမှ ဟုတ်ရဲ့လား ဆိုတဲ့ သံသယဝိစိကိစ္ဆာလာရင်လည်း ဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်)၊ မရှုလို့ရှိရင် သံသယဝိစိကိစ္ဆာဆိုတာ ဦးခင်မောင် အဝိဇ္ဇာပဲ၊ ဒီတော့ အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရပါဘုရား)၊ သင်္ခါရပစ္စယာ . . . (ဝိညာဏ်ပါ)၊ အဲ . . . ဒုတိယဘဝကူးမသွားပေဘူးလား . . . (ကူးသွားပါတယ်)။

## သံသယဖြစ်တဲ့စိတ်

ဒါကြောင့် ဝိစိကိစ္ဆာဆိုတဲ့ မောဟလာရင်လည်း ဘယ့်နှယ်လုပ်ကြမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)၊ အဲ . . . သံသယဖြစ်တဲ့စိတ်ကလေး ဝမ်းထဲပေါ်လာလည်း အနိစ္စပဲလို့သာ ရှု . . . (မှန်ပါ)၊ သဘောကျပလား . . (ကျပါပြီ)၊ ပျံ့လွင့်တဲ့စိတ်ကလေးလာရင်လဲ . . . (အနိစ္စပဲ ရှုရပါ မယ်)၊ အနိစ္စလို့ပဲ၊ ဖြစ်ပျက်လို့ပဲ ရှုပါဆိုတော့ ဒကာ ဒကာမ တို့ **သမောဟစိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ** ဆိုတဲ့အတိုင်း စိတ္တာနုပဿနာမှာ အဖိုးတန်သွားတော့တယ် ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ အတွင်းဉ္ဈေသည်လည်း ရှုတတ်ပလားလို့ မေးလိုက်ပါတယ် . . . (ရှုတတ်ပါပြီ)။

## မေတ္တာပို့တဲ့စိတ်

ကဲ . . . ဒါဖြင့် အလောဘဆိုတဲ့ မလိုချင်တဲ့ စိတ်လာရင်လည်း မလိုချင်ရုံနဲ့ ရပ်မနေပါနဲ့၊ မလိုချင်တဲ့စိတ်လာရင် ဘာလုပ်ရမယ် . . . (ဖြစ်ပျက်ရှုရပါမယ်)၊ မေတ္တာပို့တဲ့ အဒေါသစိတ်ကလေးလာရင်လည်း နောက်ဆုံးပိတ် ဘာလုပ်ရမလဲ . . . . (ဖြစ်ပျက်ရှုရပါမယ်)၊ အဒေါသစိတ်လည်း ဖြစ်ပျက်ရှုပါဆိုသဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ ပေါ်ရာစိတ်ကိုပဲ ဖြစ်ပျက်ရှုရပါလိမ့်မယ် . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်ဟာ ရှုကြမလဲ . . . (ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရပါမယ်)၊ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရပါမယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)။

## သက်စောင့်စိတ်

ဘာမှ မရှိတော့ဘူး၊ အလောဘ အဒေါသလည်း မရှိတော့ဘူးဆိုရင် ဒကာ ဒကာမတို့ ခင်ဗျားတို့မှာ သက်စောင့်စိတ်ကလေးရှိပါတယ်လို့ မှတ်လိုက်စမ်းပါ၊ ဘာရှိသတဲ့ . . .

(သက်စောင့်စိတ်ရှိပါတယ်)၊ သက်စောင့်စိတ်ကလေးရှိတယ်တဲ့၊ ခင်ဗျားတို့ ဗုန်းခနဲ ဗိုင်းခနဲလဲပြီး သေရအောင် ခင်ဗျားတို့ကို စောင့်နေတဲ့ လေကလေးအပြင်ဘက် ထုတ်တဲ့ စိတ်ကော မရှိဘူးလား . . . (ရှိပါတယ်)၊ လေကလေး အတွင်းပြန်ရှိုက်တဲ့ စိတ်ကော . . . (ရှိပါတယ်)၊ အဲဒီ စိတ်နှစ်ခုကို ဒကာ ဒကာမတို့ သက်စောင့် စိတ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)၊ အိမ်သည်စိတ်လို့လဲ မနေ့က ပြောခဲ့တယ်မဟုတ်လား . . . (မှန်ပါ)။

အဲဒါကလေး ထွက်စိတ်ပေါ်လာရင် ထွက်အောင်လုပ်တဲ့စိတ်ကလေးကို ရင်ထဲမှန်းပြီးသကာလ ဩော် . . . သူပေါ်လို့ လေထွက်လာတာပဲဆိုပြီး သကာလ သူ့ကိုမှန်းပြီးတော့ ဒကာ ဒကာမတွေက ဖြစ်ပျက်ရှုပေးပါ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဖြစ်ပျက်ရှုပေးလိုက်တော့ ထွက်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်သွားဖြစ်တာပဲ . . . (မှန်ပါ)။

## အသက်ရှူစိတ်၊ ရှိုက်စိတ်

ဝင်အောင်ရှိုက်တဲ့ စိတ်ကလေးလာပြန်တော့လည်း ပစ်မထားလိုက်ပါနဲ့၊ ဒီစိတ်ကလေးကိုလည်း ဘာလုပ်ရမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင်

ဖြင့် ဝင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ကြီးဟာ လာသေးရဲ့လား . . . (မလာပါဘုရား)။

အဲဒီတော့ အခု ပြောခဲ့တာလဲ တော်တော်စုံပါပြီ၊ ဒကာ ဒကာမတွေ သန္တာန်လည်း ပေါ်ရာစိတ်ကို အကုန်သာဖြစ် ပျက်ရှုပါတော့ဆိုတာဖြင့် ကျေကျေနပ်နပ် သဘောကျပလား . . . (ကျပါပြီ) ဒါဖြင့် နည်းပေးနေတာလို့ မှတ်လိုက်စမ်း ပါနော် . . . (မှန်ပါ)။

ဘာပေးနေတာပါလိမ့် . . . (နည်းပေးနေတာပါ ဘုရား)၊ စိတ္တာနုပဿနာ နည်းပေးနေတာဆိုတာ သေချာကြ ပလား . . . (သေချာပါပြီ)။

## ဘာကျေးဇူးများပါလိမ့်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီစိတ္တာ နုပဿနာ ဘာကျေးဇူးများ ပါလိမ့်မတုံးဆိုတော့ ဒါတွေက အနိစ္စတရား၊ ရှေ့ပိုင်းက ဖြစ်ပျက်ချည်းပဲဆိုတော့ အနိစ္စလား -နိစ္စလား . . . (အနိစ္စပါဘုရား)၊ ဒါဖြင့် နိစ္စဒိဋ္ဌိဆိုတာ ကွာသွားတယ် . . . (မှန်ပါ)၊ သဘောကျပလား. . (ကျပါပြီ)။

နိစ္စဒိဋ္ဌိ ကွာသွားပြီဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အတ္တ ဒိဋ္ဌိကော မကွာဘူးလား . . . (ကွာပါတယ်ဘုရား)၊ ငါ-ငါ့ဥစ္စာလို့ထင်သေးရဲ့လား . . . (မထင်ပါဘုရား)၊ အဲ

. . . နိစ္စဒိဋ္ဌိတို့၊ အတ္တဒိဋ္ဌိတို့ဆိုတဲ့ ဒိဋ္ဌိတွေအကုန်ပြုတ်လို့ရှိရင်ဖြင့် သောတာပန်တည်တယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ဒိဋ္ဌိပြုတ်ရင် . . . (သောတာပန်တည်ပါတယ်ဘုရား)၊ သောတာပန်တည်ချင်ရင် . . . ဒိဋ္ဌိကို အရစ်စဖြုတ်ရမယ်ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ)။

သောတာပန်တည်ချင်ရင် . . . ဒိဋ္ဌိကို အရင်စပြီးဖြုတ်ရပါမယ်ဘုရား)။

## စိတ္တာနုပဿနာကြပ်ကြပ်ရှု

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ကစပြီးမှတ်တာပေါ့၊ စိတ္တာနုပဿနာ ကြပ်ကြပ်ရှုကြ၊ စိတ်မှာ ဒိဋ္ဌိစွဲနေတာ ပြုတ်သွားရင် သောတာပန်တည်နိုင်အောင်လို့နော် . . . (မှန်ပါ)၊ သောတာပန်မတည်သေးဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ် တည်ချင်လို့ကော . . . (မဖြစ်နိုင်ပါဘုရား)၊ ကျော်တက်လို့ ရပါ့မလား . . . (မရပါဘုရား)၊ မရဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အဲဒါကြောင့် သောတာပန်တည်ချင်ရင် ဒိဋ္ဌိဖြုတ်ပါ၊ ဒိဋ္ဌိပြုတ်အောင် စိတ္တာနုပဿနာရှုပါ၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## သောတာပန်တည်ချင်ရင် ဒိဋ္ဌိပြုတ်

သောတာပန် တည်ချင်ရင် . . . (ဒိဋ္ဌိပြုတ်ရပါမယ်)၊ အပါယ်လေးပါးလွတ်ချင်ရင် . . . (ဒိဋ္ဌိပြုတ်ရပါမယ်)၊ ရပ်ပြစ်ရှစ်ပါးလွတ်ချင်ရင် . . . (ဒိဋ္ဌိပြုတ်ရပါမယ်)၊ ဒိဋ္ဌိပြုတ်ချင်ရင် . . . (စိတ္တာနုပဿနာရှုပါ)။

စိတ္တာနုပဿနာ ရှုပါဆိုတော့ ရှင်သာရိပုတ္တရာ ဟောထားတာကလေး ဒကာ ဒကာမတွေကို ယနေ့ ထူးထူးလည်လည်ပြောပေးရမယ် . . . (မှန်ပါ)၊ ထူးထူးလည်လည်ပြောတော့ ဦးခင်မောင် သေသေချာချာမှတ်ပါ။

ဒကာ ဒကာမတွေ သူများဝမ်းထဲမှာ ကိုယ့်ဆိုင်ပေါ်လာငြားသော်လည်း ဝယ်ချင်တာလား၊ ဈေးစုံစမ်းတာလား၊ ဒါကို အကဲခတ်ဖို့ အတော်မခက်ဘူးလား . . . (ခက်ပါတယ်)၊ တကယ်ဝယ်ချင်လို့လား၊ ဈေးစုံစမ်းတာလား၊ ကောင်းအောင်ပြောနေတဲ့ စကားလားဆိုတာ အကဲခတ်ရင် အတော်ခက်ပါလိမ့်မယ် . . . (မှန်ပါဘုရား)။

လူတစ်ယောက် ကိုယ့်ဆိုင်လာပြီဆိုတော့ သူ့စိတ်ကို အကဲခတ်ဖို့ ဘယ်နှယ်နေကြသတုံး . . . (ခဲယဉ်းပါတယ်ဘုရား)။

## ရှင်သာရိပုတ္တရာဟောပါတယ်

ဒါကြောင့် သူတစ်ပါးစိတ်ကို အကဲခတ်ရတာ အင်မတန် ခက်တယ်လို့ ရှင်သာရိပုတ္တရာက ဟောပါတယ်၊ ကိုယ့်စိတ်ကို အကဲခတ်ပါတဲ့ . . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဘာတဲ့တုံး . . . (ကိုယ့်စိတ်ကို အကဲခတ်ရပါမယ်)၊ သူများစိတ်အကဲခတ်ရတာကတော့ မှန်ဖို့ မလွယ်ပါဘူး၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ သူများ စိတ် အကဲခတ်ရတာကတော့ မမှန်နိုင်ဘူးပဲ့၊ ကိုယ်က အဘိညာဉ်မရဘဲကိုး . . . (မှန်ပါ)။

ဒါဖြင့် ဘယ်ဟာ အကဲခတ်ရမတုံး . . . (ကိုယ့်စိတ်ကို အကဲခတ်ရပါမယ်)။

ဒါဖြင့် ကိုယ့်စိတ်ကို အကဲခတ်ပါဆိုတဲ့ စကား ကလေးတစ်လုံး မှတ်ထားကြပါ . . . (မှန်ပါ)။

စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်မတုံး မေးလို့ရှိရင် ကိုယ့်စိတ်ကို အကဲခတ်တာလို့ မှတ်လိုက်ကြပါ . . . (မှန်ပါ)။

## ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါ

ဒါကို မမေ့စေနဲ့၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါ . . . (မှန်ပါ)။

ဒကာ ဒကာမတို့ သူများအကဲခတ်ရမှာလား၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမှာလား . . . (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမှာပါ)၊ ကိုယ်စိတ်ကို ကိုယ်အကဲခတ်တော့ လွဲများသွားဦးမှာလား ဒကာ ဒကာမတို့ . . . (မလွဲပါဘုရား)၊ တည့်ပြီ၊ ဒီကျတော့ ကိုယ့်စိတ်ကိုယ် အကဲခတ်ရင် သေသေချာချာတည့်တယ် . . . (မှန်ပါ)၊ သဘောပါပလား . . (ပါပါပြီ)။

လိုချင်တဲ့ စိတ်ကလေးလာတယ်ဆိုရင် လိုချင်တဲ့စိတ်ကလေး ရှိ-မရှိသာ အကဲခတ်။ ဘယ့်နှယ်ပြောမယ် ထင်သတုံး . . . (မရှိပါဘုရား)၊ ဒါဖြင့် မရှိတာက အနိစ္စ၊ အကဲခတ်တာက မဂ္ဂပဲ . . . (မှန်ပါ)။

## အကဲခတ်တာကမဂ္ဂ

မရှိတာက . . . (အနိစ္စပါဘုရား)။ အကဲခတ်တာက . . . (မဂ္ဂပါဘုရား)။

ဩော် . . . ဒါဖြင့် ဒီပစ္စည်းရလို့ရှိရင် တို့သေပျော်ပြီလို့ အောက်မေ့ပါ . . . (မှန်ပါ)။

ဦးခင်မောင် သူများစိတ် အကဲခတ်ရတာကတော့ အကဲခတ်ခက်တယ်၊ မမှန်နိုင်ဘူး၊ ကိုယ့်စိတ်ကို အကဲခတ်လိုက်တဲ့အခါကျတော့ ဘယ့်နှယ်နေကြသလဲ . . . (မှန်ပါ

တယ်ဘုရား)၊ မှန်တာက ဘယ်လိုမှန်သတုံးမေးတော့ စားချင်တဲ့စိတ်ကလေး ဖျတ်ခနဲပေါ်လာတယ်၊ ထမင်းဆာတဲ့ စိတ်ကလေး ပေါ်လာတယ်၊ ဒီက ဘုန်းကြီးက ဒကာ ဒကာမတွေကို ဘုရားဟောအတိုင်း သင်ထားတယ်၊ ဒီစိတ်ကလေး အကဲခတ် လိုက်စမ်းပါဆိုတော့ အကဲခတ်တဲ့ မင်ပေါ်နေတော့၊ ဒီစိတ်က ရှိဦးမှာလား . . (မရှိပါဘုရား)၊ မရှိတော့ မရှိတာက ဘယ်လိုဆိုမလဲ . . . (အနိစ္စပါ) ၊ အကဲခတ်တာက . . . (မဂ္ဂပါဘုရား)၊ အကဲခတ်ခံရတာက အနိစ္စ၊ အကဲခတ်တဲ့ဉာဏ်က မဂ္ဂ . . . (မှန်လှပါဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

## အကဲခတ်တာကနောက်စိတ်

အဲဒီတော့ အခု တစ်လုံးတည်းပေးလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာဟောတဲ့ ဘုရားဟောကို ပေါ်လွင်အောင် ဘုန်းကြီးက တစ်ဆင့်နည်းပေးပါတယ်၊ စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်မတုံးလို့ မမေးနဲ့၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒါဖြင့် မူလပေါ်တာက ရှေ့စိတ်၊ အကဲခတ်တာက နောက်စိတ် . . . (မှန်ပါ)။

စိတ်ဟာ နှစ်စိတ် ပြိုင်ပေါ်ကောင်းသလားလို့မေးရင် ဘယ့်နှယ်ပြောမတုံး . . . (မပေါ်ကောင်းပါဘုရား)၊ မဖြစ်

ကောင်းတော့ တစ်စိတ်ချုပ်ပြီးမှ တစ်စိတ်ကချုပ်ရတယ်၊ ဒါလည်း စိတ်ပါပဲ . . . (မှန်ပါ)။

ဒါလည်း ဘာခေါ်ကြမလဲ . . . (စိတ်ပါပဲဘုရား)၊ စိတ်ပါပဲဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)၊ ကောင်းပြီ၊ ဒါဖြင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာ . . . (မှန်ပါ)၊ ၁-နံပါတ် ကိုယ့်စိတ်ကို၊ ၂-နံပါတ်နဲ့ အကဲခတ်ပါ . . . (မှန်ပါ)၊ ဒါဖြင့် ၁-က အနိစ္စ၊ အကဲခတ်တဲ့ ၂-က မဂ္ဂပဲ . . . (မှန်ပါ)။

၁-က . . . (အနိစ္စပါ)၊ အကဲခတ်တာက. . . (မဂ္ဂပါဘုရား)။

## ကာမစိတ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတွေသန္တာန်မှာ ပေါ်မယ့် စိတ်တွေက သိပ်လည်း မများပါဘူးလို့ ပြောထားခဲ့ ပါတယ်၊ ဦးခင်မောင်တို့ ဒကာသစ်တို့ ကာမစိတ် ၅၄ ဆိုတာ ကြားဖူးကြမှာပေါ့ . . . (ကြားဖူးပါတယ်)၊ အဲဒီ ကာမစိတ် ၅၄-ခုထဲမှာပဲ ဒကာ ဒကာမတို့ ဘုရား ရဟန္တာများသာ ဖြစ်တဲ့စိတ်က **မဟာကြိယာစိတ်** ၈-ခုနဲ့ **ဟသိတုပ္ပါဒ်စိတ်** ဆိုတာ ရှိတယ်၊ အဲဒီ ၉-ခုကို ပြန်ပြီး နုတ်လိုက်စမ်းပါ၊ (၅၄-၉=၄၅) ၄၅-ပါးပဲကျန်တယ်၊ ခင်ဗျားတို့ သန္တာန်မှာ

သေသေချာချာ သာမှတ်၊ ကာမစိတ်ထဲက ၄၅-ပါးပဲ ပေါ်လိမ့်မယ်၊ **လောဘ ပေါ်မယ်၊ ဒေါသပေါ်မယ်၊ မောဟ ပေါ်မယ်၊** မြင်စိတ်ပေါ်မယ်၊ ကြားစိတ်ပေါ်မယ် . . . (မှန်ပါ)၊ ခင်ဗျားတို့ အကဲခတ်ရမည့်စိတ် ဘယ်လောက်ပါလိမ့်မတုံး ဆိုတာကော သေချာပလား . . . (သေချာပါပြီ)၊ ဘယ် လောက်ပါလိမ့် . . (၄၅-ပါးပါဘုရား)၊ အဲဒီ ၄၅-ပါးလှည့် ပေါ်နေမှာပဲ . . . (မှန်ပါ)၊ အဲဒါ ပေါ်တိုင်း ပေါ်တိုင်းသာ ရှိ-မရှိ အကဲခတ် . . . (မှန်ပါ)။

ဒါဖြင့် ပေါ်တဲ့စိတ်ဟာ အကဲခတ်တဲ့စိတ်လာရင် အားလုံး တရားနာတဲ့ ဒကာ ဒကာမတွေ ပေါ်တဲ့စိတ် ရှိသေး ရဲ့လား . . . (မရှိပါဘုရား)၊ အကဲခတ်တာက နောက်မှ အကဲ ခတ်ရမှာကိုး . . . (မှန်ပါ)၊ နောက်မှ အကဲခတ်ရမှာ ဇာကန် ဖြစ်ပြီး သကာလနေတော့ ရှေ့ပေါ်တဲ့စိတ်က ချုပ်ပြီးမှ နောက်မှ အကဲခတ်တဲ့ စိတ်က လာရတာကိုးဗျ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ရှေ့စိတ်ကအနိစ္စ၊ နောက်စိတ်ကမဂ္ဂ

ဒါဖြင့် ရှေ့စိတ်က အနိစ္စ၊ အကဲခတ်တဲ့ စိတ်က . . . (မဂ္ဂပါဘုရား)၊ အဲဒီ မဂ္ဂကတော့ဖြင့် ဒကာ ဒကာမတွေ နောက် ကိလေသာတွေ အဆက်ခံသေးရဲ့လား . . . (မခံပါ

ဘုရား)၊ မခံလို့ရှိရင် အနာဂတ်အကြောင်းတွေ ဘယ့်နှယ်နေ သတုံး . . . (ပြတ်ပါတယ်ဘုရား)၊ အနာဂတ်အကြောင်းတွေ ပြတ်တယ်ဆိုတော့ အနာဂတ်အကျိုးတွေလာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒါကြောင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာဆိုပါသည်။ ရှင်းကြ ပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်တော့ ဒကာသစ်တို့၊ ဦးခင်မောင်တို့က စဉ်းစားကြည့်၊ ရှိတာတွေ့သလား၊ မရှိတာတွေ့သလား . . . (မရှိတာတွေ့ပါတယ်)၊ မရှိတာကို ဘာခေါ်ကြမယ် . . . (အနိစ္စပါ)၊ အကဲခတ်တဲ့စိတ်က . . . (မဂ္ဂပါဘုရား)၊ အဲ . . . အကဲသာခတ်နေကြပါ၊ ကိုယ့်စိတ် ကိုယ်သာ နောက်စိတ်နဲ့ အကဲခတ်နေမယ်ဆိုရင် လောကီ မဂ်ရနေတယ် မှတ်ပါ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိုယ့်စိတ်ကို အကဲခတ်ရင်မဂ်ရတယ်

ဝိပဿနာမဂ် ရတယ်ဆိုတာ ဘာပါလိမ့် ဒကာ ဒကာမတို့ . . . (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာပါ)၊ ကိုယ့်စိတ်ကို အကဲခတ်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် မဂ်ရတာပဲ. . . (မှန်ပါ)။

ဒါဖြင့် မဂ်ရဖို့အရေးဟာ ဆုတောင်းနေရုံ ဆုတောင်းရမှာလား၊ အကဲခတ်ရမှာလား . . . (အကဲခတ်နေရမှာပါ ဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဒီနေ့ ဒီတစ်လုံးကို တိုးပေးလိုက်သဖြင့် တပည့်တော်တို့ စိတ္တာနုပဿနာကို မရှုတတ်သေးပါဘူးဘုရားလို့ တစ်ပွဲလုံး ပြန်လျှောက်စရာအကြောင်း ကုန်သွားပြီ . . . (မှန်ပါ)၊ ဘာ့ကြောင့် ကုန်သွားသတုံးမေးလို့ရှိရင် ခုနင်က ၄၅-စိတ်ရှိတဲ့အနက်က တစ်ခုခုက လှည့်ပေါ်နေမှာပဲ၊ အဲဒီပေါ်တဲ့စိတ်ကို ရှိ-မရှိ အကဲခတ်ရုံပဲဆိုတာ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)၊ ရှိ-မရှိ အကဲခတ်တဲ့အခါကျတော့ မရှိတာက အနိစ္စ၊ အကဲခတ်တဲ့စိတ်က . . . (မဂ္ဂပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အကဲခတ်များတဲ့ ပုဂ္ဂိုလ်ဟာ မဂ်ရမှာပဲ . . . (မှန်ပါ)၊ အကဲမခတ်တဲ့ပုဂ္ဂိုလ်ဟာ . . (မဂ်မရပါဘုရား)။

အဲဒီတော့ သတိထားပညာနဲ့ ကြည့်တဲ့ပုဂ္ဂိုလ်ကျတော့ မဂ်ရနိုင်တယ်၊ သတိထားပညာနဲ့ကြည့်တဲ့ပုဂ္ဂိုလ်ဆိုတာ အကဲခတ်တဲ့ပုဂ္ဂိုလ်ကို ဆိုတာပါ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာထဲသွင်းကြပါစို့

ကဲ . . . ဒါဖြင့် သစ္စာထဲသွင်းကြပါစို့ ဦးခင်မောင်တို့ ဒကာသစ်တို့နော် . . . (မှန်ပါ)၊ သစ္စာထဲသွင်းလိုက်တော့ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါဆိုသဖြင့် စိတ်ကလဲ ကာမ

စိတ်ထဲမှာ ၄၅-ပါးပဲ ပေါ်နိုင်တယ်၊ ဒီပြင်ဟာတွေက ဘုရား ရဟန္တာသန္တာန်မှာသာဖြစ်လို့ ကိုယ့်ထံမှာ မပေါ်လို့၊ အကဲ ခတ်စရာ လိုသေးသလား . . . (မလိုပါဘုရား)၊ ဒါဖြင့် ကိုယ် သန္တာန်ပေါ်တဲ့ ခုနင်က ပြောတဲ့ ၄၅-စိတ်ကလေးဟာလှည့်ပြီး မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်)။

ပေါ်တဲ့အခါကျလို့ရှိရင် ဒီစိတ်ကလေးကို ဒကာ ဒကာမတွေက ပေါ်တိုင်း ပေါ်တိုင်း အကဲခတ်မယ်ဆိုလို့ ရှိရင်ဖြင့် ကြာတော့ အကဲခတ်ပါများတော့ ဩော် . . . ဒီဥစ္စာသည် စိတ်ကလေးဒုက္ခရောက်တာကို အကြည့်ခိုင်းတာ ပါကလား ဆိုတာ ပေါ်လာလိမ့်မယ် . . . (မှန်ပါဘုရား)။

## စိတ်ကလေးဒုက္ခရောက်သွားတယ်

ပထမပေါ်တဲ့ စိတ်ကလေးဟာ ဘာဖြစ်သွားပါလိမ့် . . . (ဒုက္ခရောက်သွားပါတယ်)၊ ဒါဖြင့် ပထမပေါ်တဲ့စိတ် ကလေးဟာ ဒုက္ခရောက်တာကို ဒုက္ခရောက် -မရောက် အကဲ ခတ်ခိုင်းတာပဲ . . . (မှန်ပါ)။

ဒုက္ခသစ္စာ ဟုတ်-မဟုတ် အကဲခတ်ခိုင်းတော့ ဒကာ ဒကာမတို့ ဒုက္ခသစ္စာ ဟုတ်- မဟုတ် ကြည့်စမ်း၊ ကိုယ့်သန္တာန် ပေါ်လာတယ်ဆိုရင် မျက်လုံးထဲပေါ်တဲ့စိတ်ဖြစ်ဖြစ်၊ ဝမ်းထဲ မှာ ဟဒယဝတ္ထုပေါ် ပေါ်တဲ့စိတ်ဖြစ်ဖြစ်၊ နားထဲမှာ ပေါ်တဲ့

စိတ်ဖြစ်ဖြစ် ဒီနေရာကနေပြီး ဟိုနေရာ ရွှေ့သေးသလား၊ ဒီနေရာမှာပဲ သေသွားကြသလား . . . (ဒီနေရာမှာပဲ သေသွားကြပါတယ်)၊ ဒီနေရာမှာပဲ သေသွားတော့ သေမလို့ ပေါ်တာရယ်၊ သေတာရယ် နှစ်ခု မတွေ့ရပေဘူးလား . . . (တွေ့ရပါတယ်)၊ နှစ်ခုတွေ့ရတော့ သေမလို့ ပေါ်တာလည်း ဒုက္ခသစ္စာ၊ သေသွားတာကော . . . (ဒုက္ခသစ္စာပါ)။

## ကိုယ့်ဒုက္ခအကဲခတ်ခိုင်းတာ

ဒါဖြင့် ခင်ဗျားတို့ကို အကဲခတ်ခိုင်းတော့ ကိုယ့်ဒုက္ခကို ကိုယ်အကဲခတ်ခိုင်းတာပါလားဆိုတာ နောက်တော့ ဉာဏ်ထက်လာလိမ့်မယ် . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာကိုအကဲခတ်ခိုင်းပါလိမ့် . . . (ကိုယ့်ဒုက္ခကို ကိုယ် အကဲခတ်ခိုင်းပါတယ်ဘုရား)၊ ကိုယ့်ဒုက္ခကို ကိုယ် အကဲခတ်ခိုင်းတာ နဂိုကတော့ ကိုယ့်မှာ ပစ္စည်းကလေးရတယ်၊ သားကလေး သမီးကလေးတွေက လုံလောက်နေတဲ့ အခါကျလို့ရှိရင်ဖြင့် ကိုယ့်မှာ ဒုက္ခမရှိဘူး ထင်လိုက်တယ် . . . (မှန်ပါ)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်တဲ့အခါကျတော့ ခဏ ခဏကိုယ်သေနေတာတွေ မတွေ့ရဘူးလား . . . (တွေ့ရပါတယ်)၊ ဒါဖြင့် ကိုယ်သေနေတာတွေ ကိုယ်

တွေ့ရတဲ့အတွက် ဒကာ ဒကာမတို့ဖြစ်ပေါ်လာတာလည်း ဒီစိတ်ကလေးဟာလည်း ဒီစိတ်ကလေးဟာ သေမလို့ပေါ် လာတာ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)၊ အကဲခတ်လိုက်တော့ သေသွားတာကော မတွေ့ရဘူးလား . . . (တွေ့ရပါတယ်)၊ ဒါဖြင့် ပေါ်ကတည်းက သူဟာ ဒုက္ခ သစ္စာ ၊ ပျက်သွားတော့ကော . . . (ဒုက္ခသစ္စာပါပဲ)၊ အဲ. . . ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်တဲ့အခါကျတော့ ကိုယ့် ဒုက္ခကိုယ် သိတယ်ဆိုပြီး ဉာဏ်တက်လာပါလိမ့်မယ်. . . (မှန်ပါ)၊ အနိစ္စမဟုတ်တော့ဘူး၊ ဒုက္ခသစ္စာထဲရောက်သွား ပြီ. . . (မှန်ပါ)။

## အကဲခတ်တာကမဂ္ဂသစ္စာ

အကဲခတ်ပါများတော့ ဘယ်အထဲရောက်ပါလိမ့် . . . (ဒုက္ခသစ္စာထဲရောက်ပါတယ်ဘုရား)၊ ဒါဖြင့် အကဲခတ် ခံရတာက ဒုက္ခသစ္စာ၊ အကဲခတ်တာက . . . (မဂ္ဂသစ္စာပါ)။

ဩော် . . . မင်တွေဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီထဲမှာ အပါယ်လေးပါး သွားရမည့် တရားတွေဟာ ပေါ်နိုင် သေးရဲ့လား . . . (မပေါ်နိုင်ပါဘုရား)၊ ဒါဖြင့် အပါယ်လေး ပါးတွေကော ကျုပ်တို့အတွက် ပြုတ်မသွားပေဘူးလား . . . (ပြုတ်သွားပါတယ်)၊ ဒီတော့ အပါယ်လေးပါး လွတ်ချင်လို့

ရှိရင် ကိုယ့်စိတ်ကို အကဲခတ်ပါ၊ ဒုက္ခသစ္စာလား၊ သုခသစ္စာလားလို့ အကဲခတ်ပါ . . . (မှန်ပါ)၊ ဦးခင်မောင် ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒီနေ့ အလုပ်တရားချည့်ပဲ ပြောနေတယ်ဆိုတာ ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျပလား . . . (ကျပါပြီ)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါဆိုတော့ ကိုယ့်စိတ်ဆိုတာ ကိုယ်သေတာ အကဲခတ်ခိုင်းတာ . . . (မှန်ပါ)။

## ကိုယ်သေတာအကဲခတ်ခိုင်းတာ

ဘာကို အကဲခတ်ခိုင်းပါလိမ့် . . . (ကိုယ်သေတာကိုယ်အကဲခတ်ခိုင်းပါတယ်ဘုရား)၊ ကိုယ်သေတာကို ကိုယ်အကဲခတ်ခိုင်းတာပါ၊ ခင်ဗျားတို့က မသေဘူးထင်နေလို့နော် . . . (မှန်ပါ)၊ ကျုပ်ကတော့ ဗေဒင်မေးထားတာပါ၊ ၅၀-ကျော်မှ သေမယ်၊ ၇၅-နှစ်နေရလိမ့်မယ် စသည်နဲ့ အဲဒါတွေ ယုံမနေနဲ့ အဲဒါတွေကို မယုံပါနဲ့၊ ဒကာ ဒကာမတွေက ဒီကိုယ့်စိတ်ကလေး ခဏကလေးပေါ်လာပြီး အခုချုပ်သွားတာသည်ကားလို့ဆိုရင် ကိုယ်သေတာလို့မှတ်ပါ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ့်စိတ် အခုပေါ်ပြီး အခုချုပ်သွားတာကို ဘာဆိုကြမလဲ . . . (ကိုယ်သေတာပါဘုရား)၊ ကဲ . . . နောက်စိတ်

သာ မလာဘူးဆိုရင် ဦးခင်မောင် ကိုယ်သေတာ ဟုတ် မဟုတ် . . . (ဟုတ်ပါတယ်ဘုရား)၊ အကဲခတ်တဲ့စိတ် မလာတော့ပါဘူးလို့ ဒကာ ဒကာမတွေများ စိတ်စဉ်ပျက်သွားရင် ဘယ့်နှယ်ဆိုကြမလဲ . . . (သေပါတယ်ဘုရား)၊ ဒါဖြင့် ဒီတစ်စိတ်က သေပြီးနောက် တစ်စိတ်ပေါ်လို့ ရှင်နေတာပေ့ါဗျ . . . (မှန်ပါ)၊ ဒီတစ်စိတ်ပေါ်ပြီး နောက် တစ်စိတ်ရှုတဲ့စိတ် မလာရင် . . . (သေပါတယ်ဘုရား)။

## ကိုယ့်အသေဟာ ဒုက္ခသစ္စာ

ဒါဖြင့် ကိုယ့်အသေဟာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ ရှေ့ကသေတာက မွေးပြီးသေလိုက်၊ မွေးပြီးသေလိုက်က-ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ အဲဒါကို မြင်အောင် ကြည့်တဲ့ဉာဏ်က. . . (မဂ္ဂသစ္စာပါ)၊ ဒါဖြင့် သစ္စာကို မြင်အောင် အကြည့်ခိုင်းတာလို့လည်း မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ဘာအရှုခိုင်းပါလိမ့် . . . (သစ္စာကို မြင်အောင် အရှုခိုင်းပါတယ်)။

ဒီနေ့တရားဟာ ဒကာ ဒကာမတို့ အလုပ်ခွင်မှာ အကောင်းဆုံးလို့ မှတ်စမ်းပါ . . . (မှန်ပါ)၊ အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် အကောင်းဆုံးလို့ ဒကာ ဒကာမတွေ မှတ်စမ်းပါ . . . (မှန်ပါ)။

## ဖြစ်ပျက်ဆိုတာဒုက္ခသစ္စာ

ဖြစ်ပျက်ဆိုတာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ သူများ ဒုက္ခသစ္စာလား၊ မိမိ ဒုက္ခသစ္စာလား . . . (မိမိဒုက္ခသစ္စာပါဘုရား)၊ အဲဒီလို သိလာတဲ့အခါကျတော့ ကိုယ့်စိတ်ကလေးနဲ့ အသက်ရှင်နေတာ ဒီစိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့ ဒုက္ခသစ္စာတဲ့၊ ဒီကဲ့သို့ သိပြီးသကာလ သွားတဲ့အခါကျလို့ရှိရင် ဩော် . . . အဖြစ်ကလည်း ဒုက္ခသစ္စာ၊ အပျက်ကလဲ . . . (ဒုက္ခသစ္စာပါ)၊ အကဲခတ်တဲ့စိတ်က ဘာသစ္စာတုံး . . . (မဂ္ဂသစ္စာပါ)။

## ဒုက္ခသိလို့မဂ္ဂဖြစ်တာ

အကဲခတ်တဲ့စိတ်က မဂ္ဂသစ္စာတဲ့၊ ဘာ့ကြောင့်တုံးဆိုလို့ရှိရင် ဒုက္ခသိလို့ သူ မဂ္ဂဖြစ်တာ . . . (မှန်ပါ)။

ဦးခင်မောင် ဘာသိလို့ ဘာဖြစ်တာပါလိမ့် . . . (ဒုက္ခသိလို့ မဂ္ဂဖြစ်တာပါ)၊ ဒုက္ခသိလို့ မဂ္ဂဖြစ်တာဆိုတော့ ဒကာ ဒကာမတွေ ဝမ်းထဲမှာ ဒီမဂ္ဂသစ္စာက ဒုတိယစိတ်မလာဘူးလား . . . (လာပါတယ်)၊ ဒီမဂ္ဂသစ္စာလာဖို့ရာ ခင်ဗျားတို့ ဘုရားရှိခိုးတာလည်း ဝဋ်ဘဝတိုတိုနဲ့ မင်္ဂဖိုလ်ရ, ရပါလို၏ဆိုတာ သူ ဝမ်းထဲရောက်ရပါလို၏ ပြောတာပဲ . . . (မှန်ပါ)၊ သဘောကျပါလား . . . (ကျပါပြီ)၊ အလျှပေး

နေတာလည်း ထို့အတူပဲ၊ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ ရရပါလို၏ဆို တော့ ဒီမဂ်ဝမ်းထဲရောက်ရပါလို၏ ဆိုတာပဲ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)၊ အဲ ဟိုဟာတွေကတော့ဖြင့် ခင်ဗျားတို့ **ဆရာကောင်း သမားကောင်း** နဲ့တွေ့ဖို့ စသည်ဖြင့် အကူအညီပေးရတယ်၊ အကူအညီပေးတော့ အခု ခင်ဗျားတို့ ဒီဉာဏ်မရဘူးလား . . . (ရပါတယ်)၊ ရတဲ့အခါကျတော့ အစစ်ရကဖြင့် ကိုယ်တိုင်ရှုမှ ကိုယ်တိုင်မဂ်ရမယ် . . . (မှန်ပါ)။

ကိုယ်တိုင်ရှုမှ . . . (ကိုယ်ပိုင်မဂ်ရမယ်)၊ ဒါဖြင့် မဂ်ရချင်ရင် ရှုကြ . . . (မှန်ပါ)၊

## ကိုယ်တိုင်ရှုမှ ကိုယ်ပိုင်မဂ်ရမယ်

မဂ်ရချင်ရင် ဘာလုပ်ကြမလဲ . . . (ရှုကြရပါမယ်)၊ မရှုရင် ရလိမ့်မယ်လို့ဘယ်အခါကာလမှ ဒကာ ဒကာမတွေက စိတ်မဥပါဒ်ပါနဲ့၊ ရနိုင်ပါ့မလား . . . (မရနိုင်ပါဘုရား)၊ ဒုက္ခသစ္စာမှ မဖြစ်ဘဲနဲ့ မဂ္ဂသစ္စာ ဝမ်းထဲဝင်လာပါ့မလား . . . (မလာပါဘုရား)၊ မဝင်နိုင်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတို့ မဂ်ပုဂ္ဂိုလ်ဆိုတာ ဝမ်းထဲမှာ ဒီမဂ်ရောက်လာတာ . . . (မှန်ပါ)၊ ဖိုလ်ပုဂ္ဂိုလ်ဆိုတာ

လည်း ဒီမင်္ဂ ပြီး ဖိုလ်ဝင်လာလို့ ဖိုလ်ပုဂ္ဂိုလ်ဖြစ်လာတာပဲ . . . (မှန်ပါ)၊ ရှုတဲ့ပုဂ္ဂိုလ်မှ ဝင်လာတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ မရှုတဲ့ ပုဂ္ဂိုလ်ဝမ်းထဲရောက်ပါ့မလား . . . (မရောက်ပါဘုရား)။

## မဂ်ဝမ်းထဲရောက်အောင်လုပ်

အဲဒီတော့ မဂ်ပုဂ္ဂိုလ်ဖြစ်ချင်ရင်လည်း မဂ်ဝမ်းထဲရောက်အောင်လုပ်ပါ၊ ဖိုလ်ပုဂ္ဂိုလ်ဖြစ်ချင်ရင်ကော . . . (ဖိုလ်ဝမ်းထဲရောက်အောင်လုပ်ရပါမယ်)၊ မဂ်ရောက်ရင် ဖိုလ်ရောက်မှာလည်း ကေန်ပါပဲ၊ ဘာမှ သံသယမရှိပါနဲ့၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)၊ ရှုတဲ့ဉာဏ်က . . . (မဂ္ဂသစ္စာပါ)၊ အကဲခတ်တဲ့ဉာဏ် . . . (မဂ္ဂသစ္စာပါ)၊ ဝမ်းထဲမရောက်သေးဘူး၊ ရောက်ပလား . . . (ရောက်ပါပြီ)၊ အဲဒီမဂ်သည် ငါးပါးက ရှစ်ပါးဖြစ်သွားတဲ့တစ်နေ့မှာ သောတာပန်အစစ်ဖြစ်တာပဲ . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် မဂ်ရဖို့အရေးဟာ ဒကာ ဒကာမတို့ အကဲခတ်တဲ့ အရေးပါလား . . . (မှန်ပါ)၊ ဘယ်သူ့ကို အကဲခတ်ရမှာပါလိမ့် . . . (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမှာပါ)၊

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရင် မဂ်ရနိုင်ပါတယ် ဒကာ ဒကာမတို့ . . . (မှန်ပါ)၊ ဘာကြောင့် မဂ်ရသတုံးလို့ ဆရာဘုန်းကြီး ထပ်ပြီး ရှင်းရပြန်သတုံးလို့ မေးတဲ့အခါကျ တော့ ပထမဒီဥစ္စာက မိမိစိတ်၊ ဒါလည်း မိမိစိတ်ပဲဆိုတော့ နှစ်စိတ်က ပြိုင်ပြီး ပေါ်ကောင်းရဲ့လား . . . (မပေါ်ကောင်း ပါဘုရား)၊ ဒါဖြင့် ဒီစိတ်ချုပ်ပြီးမှ ဒီရှုတဲ့စိတ် မပေါ်ပေဘူး လား . . . (ပေါ်ပါတယ်)၊ ဒီတော့ အရှုခံရတဲ့စိတ်သည် ဒကာ ဒကာမတို့၊ ဒုက္ခရောက်တာမှ ဟုတ်ကဲ့လား . . . (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် အရှုခံရတဲ့စိတ်က ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခနဲ့ ချုပ်သွားလေရဲ့ . . . (မှန်ပါ)၊ သူ့ကို ဘာသစ္စာ တုံး . . . (ဒုက္ခသစ္စာပါဘုရား)၊ ရှုတဲ့ဉာဏ်က ဘာဆိုကြမလဲ . . . (မဂ္ဂသစ္စာပါဘုရား)။

## သံသရာပြတ်တယ်ဆိုတာ

အဲဒီတော့ ဒါရဖို့ အရေးကြီးနေပြီပဲ၊ သံသရာပြတ် တယ်ဆိုတာ မဂ်က သူ့ဟာသူ ဖြတ်သွားမှာပဲ၊ ခင်ဗျားတို့က ဖြတ်ပါဆိုရုံနဲ့ ဖြတ်မှာမဟုတ်ဘူး . . . (မှန်ပါ)၊ သဘောကျ ပလား . . . (ကျပါပြီ)။

ဒါဖြင့် အကဲခတ်ခံရမည့် စိတ်ပေါင်းက ဘယ် လောက်တဲ့ ဒကာ ဒကာမတို့ . . . (၄၅-ပါး) အဲ . . .

ပုထုဇဉ်မှာ ဒီ ၄၅-ပါးပဲ လာမယ်၊ ဒါတောင် တိဟိတ်မှ ၄၅-ပါးလာမှာနော်၊ ဒွိဟိတ်ဆိုရင် ၄၅-ပါးမရှိဘူး . . . (မှန်ပါ)၊ ဒွိဟိတ်ဆို ရင် ၃၇-လောက်သာရှိတယ် . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## တိဟိတ်မှ ဝိပဿနာရှုနိုင်

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဆိုရင် တိဟိတ်မှာပဲ ဖြစ်နိုင်လို့ ၄၅-ပါးလို့ ဘုန်းကြီးက ပြောလိုက်ပါတယ်၊ အဲဒီတော့ ကိုယ့်သန္တာန် ၄၅-ပါးထဲက လာတာကို နောက်က မဂ္ဂင်ငါးပါးနဲ့ အကဲသာခတ်နေရင်ဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟာ အိမ်ပေါ်တွင်လည်း ရနိုင်ပါတယ်၊ ဟင်းချက်ရင်းလည်း ရနိုင်ပါတယ်၊ ထမင်းချက်ရင်းလည်း ရနိုင်ပါတယ်၊ အပ်ချုပ်ရင်းလည်း ရနိုင်ပါတယ်၊ ရောင်းရင်း ဝယ်ရင်းလည်း ရနိုင်ပါတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အကဲသာခတ်နေပါ၊ ဘယ်စိတ်ပေါ်လာတယ်ဆိုရင်လည်း အကဲခတ်နေပါ၊ ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုတာ အကဲခတ်ပါ၊ နောက်က ဒကာ ဒကာမတွေ ရှိ-မရှိ အကဲခတ်နော် . . . (မှန်ပါ)၊ ၁-ကို ၂-နဲ့ အကဲခတ်ပါ . . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် . . . (၁-ကို ၂-နဲ့အကဲခတ်ပါ)၊ ၁-ကို ၂-နဲ့ အကဲခတ်တော့ ၁-က မရှိဘူးပြောတော့ ၂-က မရှိမှန်းသိတာပါပဲ . . . (မှန်ပါ)။

၁-က . . . (မရှိဘူးပြောပါတယ်)၊ ၂-က . . . (မရှိမှန်းသိပါတယ်)။

ဒါဖြင့် မရှိတာက ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမို့ ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ မရှိတာက ဒုက္ခသစ္စာ၊ အကဲခတ်တာက . . . (မဂ္ဂသစ္စာပါ)။

ဒါဖြင့် မဂ်ရတာသည် ဒကာ ဒကာမတို့၊ အကဲမခတ်တဲ့ ပုဂ္ဂိုလ်မှာ ရသလား ၊ အကဲခတ်တဲ့ပုဂ္ဂိုလ်မှာ ရသလား . . . (အကဲခတ်တဲ့ ပုဂ္ဂိုလ်မှာ ရပါတယ်)။

ဒါဖြင့် ကျေနပ်ပြီ ဒကာ ဒကာမတို့၊ ဒီဟာအလုပ်တရားပေးပြီးပြီ၊ အဲဒီတော့ ဟိုဝတ္ထုကို ပြန်ပြီးဆက်ကြပါစို့ ဆိုတော့ ဒကာ ဒကာမတွေ ဒီအထဲသွင်းရမှာပဲ၊ ဦးခင်မောင်တို့၊ ဒကာသစ်တို့ . . . (မှန်ပါ)။

## ပစ္စပရိဗိုဇ်ကမေးတယ်

၁-နံပါတ် ပစ္စပရိဗိုဇ်က မေးလိုက်ပါတယ် ဒကာ ဒကာမတို့ ပထမနေ့ကဟာလည်း ပြန်ပြောပါတယ်၊ ဒီနေ့ ဝတ္ထုသိမ်းမလို့၊ ရှင်ကြီးဂေါတမတဲ့၊ လူဟာ လူ့သံယောဇဉ်

မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလားလို့ ပစ္ဆပရိဗိုဇ်က မမေးလား ဦးခင်မောင် . . . (မေးပါတယ်ဘုရား)။

## ၁။ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်မလား

ဒကာ ဒကာမတွေ ဘယ့်နှယ်မေးပါလိမ့် . . . (လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလားတဲ့)၊ ဘုရားက ဘယ့်နှယ်ဖြေပါလိမ့် . . . (မရနိုင်ဘူးလို့ဖြေပါတယ်)၊ ဘယ်မှာရနိုင်မတုံး ဒကာ ဒကာမတို့၊ ဒီစိတ်ကလေးကို ဒီကနေပြီး သကာလ ကိုယ့်စိတ်ကလေးကို၊ ကိုယ့်ခန္ဓာကလေးကို ကိုယ်ခင်မယ်၊ ကိုယ်စွဲလမ်းမယ်၊ ကိုယ်အားထုတ်မယ်ဆိုရင် ရနိုင်ပါ့မလား . . . (မရနိုင်ပါဘုရား)။

ဒါက လူ၊ လူဆိုတာက ခန္ဓာငါးပါးကို လူခေါ်တာပဲ၊ သဘောကျကြပလား . . . (ကျပါပြီ)၊ အဲဒီတော့ ခန္ဓာငါးပါးကို လူခေါ်တော့ ဒါဟာ ဝိညာဏက္ခန္ဓာဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)၊ အဲဒါကို ခင်မယ်၊ စွဲလမ်းမယ်၊ အားထုတ်နေမယ်ဆိုလို့ရှိရင် လူသာ လူ့သံယောဇဉ်သုံးခု စွန့်သေးရဲ့လား . . . (မစွန့်ပါဘုရား)၊ မစွန့်တော့ မဂ်ရနိုင်ပါမလား . . . (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးတဲ့၊ ကံလာလို့ရှိရင် ဇာတိ၊ ဇရာ မရဏာသာရမယ်၊ မဂ်တော့ မရဘူး. . . (မှန်ပါ)။

## ဇာတိ၊ ဇရာ၊ မရဏ သာရမယ်

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နေကြလို့ရှိရင် ဒကာ ဒကာမတို့ ဘာရမလဲ၊ ဇာတိ၊ ဇရာ မရဏကော . . . (ရပါမယ်ဘုရား)။

ကြည့် . . . ရှင်းပြတယ်၊ ဒါကလူ၊ ကိုယ့်ခန္ဓာကို ကိုယ်ခင်တယ်၊ ကိုယ်စွဲလမ်းတယ်၊ ကိုယ်အားထုတ်တယ် ဆိုလို့ရှိရင် သံယောဇဉ်ဟာ သုံးခုမလာဘူးလား . . . (လာပါတယ်)၊ ရှင်းပြီးနော် . . . (ရှင်းပါပြီ)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့်မလား ဆိုတော့ မရဘူး၊ ဇာတိ၊ ဇရာ ၊ မရဏသာရမယ် . . . (မှန်ပါ)၊ နိဗ္ဗာန်တော့ . . . (မရနိုင်ပါဘုရား)၊ သဘောပါကြပလား . . . (ပါပါပြီ)၊ ကဲ . . . အခုအမြင်အားဖြင့်ကော သေချာကြ ပလား . . . (သေချာပါပြီ)။

## နိဗ္ဗာန်တော့မရ

ဒါဟာ ကိုယ်ခန္ဓာ၊ ဟောဒါက ဒကာ ဒကာမတွေ၏ ခန္ဓာ၊ ကိုယ်ခန္ဓာအတူတူပဲ . . . (မှန်ပါ)၊ သမုတိသစ္စာနဲ့ ပြောတော့ လူကော မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)၊ ပရမတ္ထသစ္စာနဲ့တော့ ခန္ဓာပေ့ါဗျာ . . . (မှန်ပါ)၊ သူသည် ကိုယ့်စိတ်ကလေး ကိုယ်ခင်နေတဲ့အခါကျလို့ရှိရင် တဏှာ

ဥပါဒါန်ကံလာ-မလာ (လာပါတယ်)၊ ဒါဖြင့် သံယောဇဉ် စွန့်-မစွန့် (မစွန့်ပါဘုရား)၊ သံယောဇဉ် မစွန့်သောကြောင့် နိဗ္ဗာန်ရပ့်မလားဆို ဘယ့်နှယ်တုံး . . . (မရပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်မရတော့ ဘာရမှာတုံးဆိုတော့ ဒီဘက်ကြည့်လိုက် . . . (ဇာတိ ၊ ဇရာ၊ မရဏ ရမှာပါဘုရား)၊ ပေါ်ပြီ။ (မှန်ပါ၊ ပေါ်ပါပြီဘုရား)၊ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## လူ့သံယောဇဉ် စွန့်ရင် နိဗ္ဗာန်ရတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုလုပ်ကြ၊ လူဟာ လူ့သံယောဇဉ်စွန့်လို့ ဟောဒီသုံးခု မလာလို့ရှိရင် ဒီသုံးခုကော လာပ့်မလား . . . (မလာပါဘုရား)၊ ဒါဖြင့် ဒီလိုလုပ်လိုက်တာပေါ့ ဒကာ ဒကာမတို့၊ ပေါ်တဲ့စိတ်ကလေး၊ ပေါ်တဲ့စိတ်ဟာ လူပါပဲ၊ လူ့သန္တာန်ပေါ်တဲ့စိတ်ပဲ၊ သဘောကျပလား . . . (ကျပါပြီ)၊ သမုတိသစ္စာနဲ့ ရောပြီး ပြောထားလို့၊ ဒါကလေး ဖြစ် ပျက်ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ မဂ်ပေါ်မလာဘူးလား . . . (လာပါတယ်)၊ ခုနင်က ပြောတဲ့ တဏှာ ဥပါဒါန် ကံဆိုတဲ့ လူ့သံယောဇဉ်တွေလာသေးရဲ့လား . . . (မလာပါဘုရား)၊ လူ့သံယောဇဉ်မှ မလာဘဲနဲ့ ဇာတိ၊ ဇရာ၊ မရဏ နောက်ဆက်တွဲကကော . . . (မလာပါဘုရား)။

## ကိုယ့်စိတ်ကို၊ ကိုယ်အကဲခတ်ရင်ရမယ်

ဒါဖြင့် လူဟာ လူ့သံယောဇဉ်ရှိရင်သာ မရတာ၊ မရှိလို့ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရင် ရ, ရမယ် . . . (မှန်ပါ)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒီအဖြေကို သုံးရက်ရှိပြီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြီး ပြောလိုက်တဲ့အတွက် တရားတစ်ပွဲလုံး ဒကာ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျကြပလား . . . (ကျပါပြီဘုရား)၊ ရှုလိုက်တော့ သံယောဇဉ် လာသေးရဲ့လား . . . (မလာပါ ဘုရား)၊ မလာရင် နိဗ္ဗာန်ရမယ်၊ ဒီ ဇာတိ၊ ဇရာ၊ မရဏာ လာသေးရဲ့လား . . (မလာပါဘုရား)၊ ဇာတိချုပ်တာ ဘာခေါ်မယ် . . . (နိဗ္ဗာန်ပါ)၊ ဇရာချုပ်တာ . . . (နိဗ္ဗာန်ပါ)၊ မရဏာ ချုပ်တာ . . . (နိဗ္ဗာန်ပါ)။

## မဂ်ဝင်ရင် နိဗ္ဗာန်ရနိုင်တယ်

အဲ . . . ဒါဟာ ကိုယ့်စိတ်ကို အကဲခတ်လိုက်တာနဲ့ သံယောဇဉ်တွေ နောက်က ချုပ်သွားတယ် . . (မှန်ပါ)၊ သံယောဇဉ်တွေက နောက်ကချုပ်သွားတော့ စုတိမနေ သေလွန်တော့ ဇာတိ၊ ဇရ၊ မရဏာတွေလည်း မချုပ်ဘူးလား . . . (ချုပ်ပါတယ်)၊ လာသေးရဲ့လား . . . (မလာပါဘုရား)၊ မလာတော့ ဇာတိချုပ်ရာ နိဗ္ဗာန်၊ ဇရာချုပ်ရာ နိဗ္ဗာန်၊ မရဏာချုပ်ရာ . . . (နိဗ္ဗာန်ပါ)။

ဩော်. . . နိဗ္ဗာန်သည် ဒကာ ဒကာမတို့ မဂ်ဝင်မှ ရတယ် ဆိုတာ သေချာပလား . . . (သေချာပါပြီ)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရင် နိဗ္ဗာန်ရနိုင်တယ်ဆိုတာ ကော ယနေ့ရှင်းပါပလား . . . (ရှင်းပါပြီ)၊ သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာ အတော်အရေးကြီးပါတယ် . . . (မှန်ပါ)။

## ၂။ နတ်ရွာသုဂတိရောက်နိုင်ရဲ့လား

ကိုင်း . . . ဒါဖြင့် လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နတ်ရွာသုဂတိရောက်နိုင်ရဲ့လားတဲ့ . . ဒုတိယမေးခွန်း . . . (မှန်ပါ)။

ဒကာ ဒကာမတွေ ဘာတဲ့တုံး ဒုတိယမေးခွန်းက . . . (လူဟာ သူ့သံယောဇဉ်မစွန့်ဘဲနဲ့ နတ်ပြည်ရောက်နိုင် ရဲ့လား)၊ အဲဒီကျတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး . . . (ရောက်နိုင်ပါတယ်)၊ ရောက်နိုင်တယ်တဲ့။

လူဟာ ဥပမာမယ် ဆွမ်းလှူလိုက်တယ်၊ ကွမ်းလှူ လိုက်တယ်၊ ဒကာ ဒကာမတွေက ဘုရားကို လှူလိုက်တယ်၊ ရှိခိုးလိုက်တယ်၊ ဒီ ရှိခိုးရတဲ့အကြောင်းကြောင့် စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ လူချမ်းသာ၊ နတ်ချမ်းသာ၊ ရ, ရပါလို၏ဆိုတော့ လူချမ်းသာ ၊ နတ်ချမ်းသာ လိုချင်တဲ့ တဏှာ ဆန္ဒမလာဘူးလား . . . (လာပါတယ်)၊ မရ မရှိ

ပါရစေနဲ့ ဆိုတဲ့ ဥပါဒါန်လေးကော . . . (လာပါတယ်)၊ ခုနင်က အားထုတ်တဲ့ ဒါန၊ သီလတွေ၊ အားထုတ်တဲ့ ကာယကံ၊ ဝစီကံတွေကကော ဒီဘက်က မလာဘူးလား . . . (လာပါတယ်)၊ ဒီတဏှာ ဥပါဒါန် ကံတွေကြောင့် စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ နတ်ကောင်ကြီး၊ လူကောင်ကြီး ပေါ်လာမှာပဲ၊ မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒါက ဒကာ ဒကာမတွေ ဒီကံက တဏှာတော့ အုပ်ချုပ်တယ်၊ တဏှာဥပါဒါန် အုပ်ချုပ်တယ်၊ ကံကတော့ ကံကောင်းဖြစ်နေတယ်၊ ကမ္မသကတ . . . ကံဖြစ်နေတယ် . . . (မှန်ပါ)၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီ)။

## သုဂတိရောက်နိုင်တယ်

ဒါဖြင့် လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိ ရောက်နိုင်ပါ့မလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (ရောက်နိုင်ပါတယ်)။

ကြည့်ပါ ဒီမှာ . . . ဟောဒါ ခင်ဗျားတို့လူပဲ၊ ကိုယ့်ကိုယ်ကိုယ် ခင်တဲ့အတွက် နောင်ဘဝမှာလည်း ကိုယ့်ကိုယ် ကောင်းစားတာကိုသာ သဘောကျတဲ့အတွက်ဆိုတော့ ဒီဘဝလည်း ကိုယ့်ကိုယ်ခင်တဲ့ တဏှာ မလာဘူးလား . . .

(လာပါတယ်)၊ စွဲလမ်းတဲ့ ဥပါဒါန်ကော . . . (လာပါတယ်)၊ ကိုယ့်ကိုယ်အတွက် အားထုတ်တဲ့ ဒါန၊ သီလ . . . (လာပါတယ်)၊ အဲဒါတွေကြောင့် သေသည်၏ အခြားမဲ့၌ ပဟာဒီမှာ လူကောင်၊ နတ်ကောင်တွေ ဖြစ်ထိုက် -မဖြစ်ထိုက် . . . (ဖြစ်ထိုက်ပါတယ်ဘုရား)၊ သံယောဇဉ်ကြောင့်ပဲဖြစ်သွားတယ် . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သံယောဇဉ်ကြောင့် မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်)၊ သံယောဇဉ်ဆိုပေမယ့်လည်း ဒီကံက သံယောဇဉ် အုပ်ချုပ်တဲ့ ကံသာဖြစ်နေတော့ ကံကတော့ ကုသိုလ်ကံပဲ၊ ဒါန၊ သီလ ကုသိုလ်ပြုလုပ်တဲ့ ကံဆိုတာ သဘောကျပလား . . . (ကျပါပြီ)၊ ရှင်းပါပြီနော် . . . (ရှင်းပါပြီဘုရား)။

## သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်နိုင်

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားကို ဒုတိယအချက် ပစ္စပရိဗိုဇ်က မေးတော့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်နိုင်သလားလို့မေးတော့ ဘုရားက ဖြေလိုက်တယ်၊ တစ်ရာမကဘူး၊ တစ်ထောင်မကဘူး၊ တစ်သိန်းမကဘူး၊ တစ်သန်းမကပါဘူး ရောက်တဲ့လူတွေ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဘုရားဖြေပုံကတော့ သဘောကျပလား . . . (ကျပါပြီ)၊ ဘယ်လောက်ရောက်နိုင်သတဲ့တုံး . . . (မရေတွက်နိုင်ပါဘုရား)၊ ရာပေါင်း၊ ထောင်ပေါင်း၊ သိန်း၊ သန်းပေါင်း မက ရောက်နိုင်ပါတယ် ဆိုတာကော သေချာကြပလား . . . (သေချာပါပြီ)။

## နိဗ္ဗာန်ကျတော့တားတယ်

ဒါဖြင့် သံယောဇဉ်ဆိုတဲ့ တရားဟာ တဏှာ ဥပါဒါန် ကံဆိုတဲ့ တရားတွေဟာ ဒကာ ဒကာမတို့ နိဗ္ဗာန်တော့တားတယ်၊ သုဂတိတော့ မတားဘူး၊ ရောက်အောင်တောင်ပို့သေးတယ် . . . (မှန်ပါ)၊ နှစ်ချက်ယူပါ . . . (မှန်ပါ)၊ နိဗ္ဗာန်ကျတော့ . . . (တားပါတယ်)၊ သုဂတိကျတော့ . . . (ရောက်အောင်ပို့ပါတယ်ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ။

## တဏှာမပါတဲ့ ကံတွေလုပ်ပါ

ဒါကို သေသေချာချာ သိထားတော့မှ ဘာလုပ်လုပ် ခင်ဗျားတို့ ဒီတဏှာ ဥပါဒါန် မပါဘဲနဲ့ ကံတွေကို လုပ်လို့ရှိရင် ဒီဒါနအလှူပွဲကြီး လှူရတဲ့အတွက်၊ ကျောင်းဆောက်ရတဲ့အတွက်၊ ဘုရားတည်ရတဲ့အတွက် ဇာတိ၊ ဇရာ၊ မရဏတို့၏

ချုပ်ရာ၊ သိမ်းရာ၊ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့သာ ရောက် ရပါလို၏ ဆိုတော့ ဝိဝဋ္ဋကံတွေ လုပ်လိုက်ပြန်တော့လည်း ဒီတကျော ပါသေးရဲ့လား . . . (မပါ-ပါဘုရား)၊ အဲ . . . ဝိဝဋ္ဋကံ လုပ်လိုက်ပြန်လို့ရှိရင်လည်း သူသည် ဥပနိ ဿယသတ္တိနဲ့ အားကြီးသော အကြောင်းနဲ့ ကျေးဇူးပြုလိုက် တော့၊ နောက် ဝိပဿနာတွေလည်း ရှုလိုက်တော့ ရောက် သွားနိုင်တယ် . . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ ဒါဖြင့် ဥပထမ္ဘက သေသေချာချာ မဖြစ်ဘူးလား . . . (ဖြစ်ပါ တယ်)၊ တကျော ဥပါဒါန်မပါရင်တော့ ရောက်ပါတယ်၊ ဒါန သီလကံတွေလဲ . . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါ ပြီဘုရား)၊ တကျော ဥပါဒါန် အုပ်ချုပ်နေရင်တော့ . . . (မ ရောက်နိုင်ပါဘုရား)။

ဒါကြောင့် ဝစ္ဆပရိဗိုဇ်က ဘုရားကို မေးတဲ့အခါကျ တော့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား ဆိုတုန်းက ဘုရားက ဘယ့်နှယ်ဖြေသလဲ . . (မရပါဘုရား)၊ လူဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ သုဂတိရောက်နိုင်ပါ့ မလားဆိုတော့ . . . (ရောက်နိုင်ပါတယ်)၊ ဒါဖြင့် ပုစ္ဆာ နှစ်ချက် ပြီးသွားတာပေါ့ဗျာ . . . (မှန်ပါ)။

## ၃။ အဆင်းရဲခံပြီးကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ

ကိုင်း . . . ဒီနေ့တော့ နောက်နှစ်ချက်ကိုပါ ရှင်းပေးပါမယ်၊ ဒါ ဗဟုသုတဖြစ်အောင် သေသေချာချာမှတ်ပါ၊ နောက်နှစ်ချက်က ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အဝတ်မဝတ်တဲ့ ပုဂ္ဂိုလ်တွေ ဦးခင်မောင်တို့ မြင်ဖူးမှာပေါ့၊ တရားကျင့်နေတာ အဝတ်မဝတ်တဲ့ပုဂ္ဂိုလ်တွေ . . . (မှန်ပါ)၊ အိန္ဒိယကို ရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် တွေ့ဖူးမြင်ဖူးရှိကြမှာပေါ့ . . . (မှန်ပါ)၊ အဲဒီလို အကျင့်သမားတွေ အများကြီး ရှိခဲ့ပါတယ်၊ အဲဒီတော့ ဒကာ ဒကာမတွေ ဝစ္ဆပရိဗိုဇ်က အရှင်ဘုရားတဲ့၊ ဒီအဝတ်မဝတ်ဘဲနဲ့ ကိုယ့်ကိုယ် အဆင်းရဲခံပြီးကျင့်နေကြတဲ့ **အစေလကတို့၊ အာဇီဝကတို့**ဆိုတာတွေ နိဗ္ဗာန်များ ရောက်နိုင်ပါရဲ့လားတဲ့ . . . (မှန်ပါ)၊ **အာဇီဝက ပရိဗိုဇ်အကျင့်** စသည်တွေဟာ နိဗ္ဗာန်ရောက်နိုင်ရဲ့လားလို့ မေးတော့ ဘုရားက မရောက်နိုင်ဘူးလို့ ဖြေလိုက်တယ် . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

## နိဗ္ဗာန်မရောက်နိုင်ပါ

ဒါဟာ မိစ္ဆာဒိဋ္ဌိအုပ်ချုပ်နေတာပဲ ဒကာ ဒကာမတို့ သူတို့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား . . . (မရောက်နိုင်ပါဘုရား)၊ ဒိဋ္ဌိက နိဗ္ဗာန်ကို အမြဲတားတဲ့တရားဆိုတာကော ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ကောင်းပြီ. . . ဒါဖြင့် **အာဇီဝကအကျင့်တွေ** နိဗ္ဗာန် ရောက်နိုင်ပါ့မလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေ သတုံး . . . (မရောက်ပါဘုရား)။

ဒါက ၃-နံပါတ်အဖြေ၊ ဒါကို မရောက်ဘူးဆိုတာ ဘုန်းကြီးက အကျယ်ပြောဖို့ လိုသေးသလား . . . (မလိုပါ ဘုရား)၊ မလိုတော့ပါဘူး၊ ရှင်းနေပါတယ်၊ မိစ္ဆာဒိဋ္ဌိအုပ်ချုပ် နေတာကိုး . . . (မှန်ပါ)။

ဒါနဲ့ တစ်ခါဆက်ပြီး မေးပြန်တယ်၊ အဲဒီ အာဇီဝက အကျင့်တွေကော သုဂတိများကော မရောက်နိုင်ဘူးလားတဲ့ . . . (မှန်ပါ)၊ လိုရင်းတော့ မရောက်နိုင်ဘူးတဲ့ . . . (မှန်ပါ)။

## ၄။ မိစ္ဆာအကျင့်တွေ၊ သုဂတိမရောက်နိုင်

အာဇီဝက မိစ္ဆာအကျင့်တွေ သုဂတိရောက်နိုင်ပါရဲ့ လားလို့ မေးတော့ ဘယ့်နှယ်ဖြေမလဲ . . . (မရောက်နိုင် ပါဘုရား)၊ တစ်ယောက်တော့ရှိတယ်တဲ့၊ တစ်ယောက်က ဒံကာ ဒကာမတို့ သူကိုယ်တိုင် နုစဉ်အခါတုန်းက မှားပြီး ကျင့်ဖူးတယ်၊ ဘုရားအလောင်းတော်ဟာ . . . (မှန်ပါ)၊ သဘောကျကြပလား . . (ကျပါပြီ)။

သူကတော့ဖြင့် အာဇီဝက မိစ္ဆာအကျင့်တွေ ကျင့်တာ ပဲ၊ သို့သော်လည်း သူဟာ ကောင်းတာလုပ်ရင် ကောင်းကျိုး

ပေးတယ်ဆိုတဲ့ ကမ္မဿကတဉာဏ်ကရှိတယ်၊ ဒါကြောင့် သူဖိပြီးလုပ်တာပဲ၊ သဘောကျပလား . . . (ကျပါပြီ)၊ ခြိုးခြံတယ်၊ ခြိုးခြံတယ် ဟူသရွေ့ အကောင်းချည်းပဲလို့ သူ့စိတ်ထဲမှာဖြင့် ယူတဲ့အတွက် ကမ္မဿကတဉာဏ် ယူသောကြောင့် သူတစ်ယောက်တော့ဖြင့် သုဂတိရောက်ဖူးတာပဲ၊ ကမ္ဘာပေါင်းများစွာ ပြန်ကြည့်တာ ဒီတစ်ယောက်ပဲ တွေ့ဖူးသတဲ့ . . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါ, ပါပြီ)။

## ကမ္မဿကတဉာဏ်ပါရင်ရောက်နိုင်

သူကတော့ ကမ္မဝါဒီအယူအကျင့်ကျန်နေတယ် ဦးခင်မောင်၊ ကမ္မဿကတဉာဏ်ကလေးနဲ့ အားထုတ်မယ် . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဘာနဲ့ အားထုတ်တာပါလိမ့် . . (ကမ္မဿကတဉာဏ်နဲ့ အားထုတ်တာပါ)၊ ကမ္မဿကတဉာဏ်နဲ့ အားထုတ်လိုက်တော့ လည်း ကောင်းတာလုပ် ကောင်းကျိုးပေးတယ်ဆိုတဲ့ ဉာဏ်ကြောင့် သူတစ်ယောက်တော့ဖြင့် ရောက်ဖူးတယ်တဲ့၊ ကျန်တဲ့ မိစ္ဆာအယူတွေဟာဖြင့် တစ်ယောက်မှမတွေ့ဘူးတဲ့ . . . (မှန်ပါ)၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ပုစ္ဆာတွေ ရှင်းသွားပြီ မဟုတ်လား . . . (မှန်ပါ)၊ မိစ္ဆာဒိဋ္ဌိဦးစီးပြီး လုပ်နေတဲ့ အလုပ်

ဟူသရွေ့သည် နိဗ္ဗာန်မဆိုထားပါနဲ့ သုဂတိတောင်မရောက် နိုင်ပါဘူးဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတွေ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## မိစ္ဆာဒိဋ္ဌိအုပ်ချုပ်ရင် ၊ သုဂတိတောင်မရောက်

မိစ္ဆာဒိဋ္ဌိအုပ်ချုပ်တဲ့အလုပ်ဟူသရွေ့ ဒကာ ဒကာမ တို့ တစ်ခါတည်း စဉ်းစားလိုက်ပါတဲ့၊ နိဗ္ဗာန်မဆိုထားနဲ့ သုဂတိတောင် . . . (မရောက်နိုင်ပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ အဲဒါက သက္ကာယဒိဋ္ဌိလောက်ကို ဆိုတယ် လို့ မမှတ်ကြပါနဲ့ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

သက္ကာယဒိဋ္ဌိကို ရှင်းပြလိုက်ပါဦးမယ်၊ သက္ကာယဒိဋ္ဌိ ရှိလျက်နဲ့ ဒါန၊ သီလတွေလုပ်တယ်၊ သုဂတိတော့ရောက် တယ် ဒကာ ဒကာမတို့ နိဗ္ဗာန်သာ မရောက်တာ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ခုနင်က ပြောခဲ့တဲ့ အာဇီဝက စတဲ့ မိစ္ဆာဒိဋ္ဌိတွေက တော့ ဒကာ ဒကာမတို့ ဒီသက္ကာယဒိဋ္ဌိလောက် မဟုတ်တော့ ဘူး၊ ကံရော၊ ကံ၏ အကျိုးရော၊ အကုန်ပယ်ချတဲ့ ဒိဋ္ဌိတွေ *. . . (မှန်ပါ)၊ အဲဒါကြောင့် ကံ ကံ၏ အကျိုးကို အကုန်ပယ်

* အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ၊ နိတ္ထိကဒိဋ္ဌိ-များကိုဆိုလိုသည်။

ချတဲ့အတွက် သူတို့ကတော့ နိဗ္ဗာန်ဆိုတာ မပြောနဲ့တော့ သုဂတိတောင်မှ မရောက်နိုင်ဘူး . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေ သတိပေးချင်တာက ဩော် . . . ငါလုပ်ရင် ငါရတာပဲဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့ လုပ်ကြလို့ရှိရင် သုဂတိတော့ရောက်ပါတယ်၊ နိဗ္ဗာန်တော့ဖြင့် . . . (မရောက်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒါန၊ သီလတွေလုပ်ရင် ရပါတယ်၊ လုံးဝမရဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးမယူဘဲနဲ့ သုဂတိလောက်တော့ သေသေချာချာ ရတယ်ဆိုတာကော ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ သက္ကာယဒိဋ္ဌိပြုတ်ပြီးသကာလ လုပ်မယ်ဆိုရင်ဖြင့် နိဗ္ဗာန်ရပါတယ် . . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါ-ပါပြီဘုရား)။

## နိဗ္ဗာန်တားတာ သက္ကာယဒိဋ္ဌိ

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်တားတာ ဘယ်သူတုံးဆိုတာ ပေါ်လာပြီ . . . (ပေါ်ပါပြီဘုရား)၊ ဘယ်သူပါလိမ့် . . . (သက္ကာယဒိဋ္ဌိပါဘုရား)။

သက္ကာယဒိဋ္ဌိကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်တာထက် အရေးတကြီး နုတ်ပယ်ပစ်ရမယ်ဆိုတာကော ဦးခင်မောင်ကျေကျေနပ်နပ် သဘောကြပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ သက္ကာယဒိဋ္ဌိဆိုတာ တခြား မဟုတ်ဘူးတဲ့၊ ဒိဋ္ဌိသံယောဇဉ်ပဲ . . . (မှန်ပါ)။

ဒိဋ္ဌိဟာ . . . ဘာပါလိမ့် . . . (ဒိဋ္ဌိသံယောဇဉ်ပါ ဘုရား)၊ ဒိဋ္ဌိသံယောဇဉ်ဖြစ်နေတဲ့အတွက် သံယောဇဉ်ဆို တာက ဒကာ ဒကာမတွေ သိပြီးသားအတိုင်း ဘုန်းကြီးပြော လို့ရှိရင်ဖြင့် သမုဒယသစ္စာဖြစ်နေတယ်၊ မဂ္ဂါမိဂမသာ နိဝါရဏံပဲ၊ မဂ်တားတာဟာ ဒိဋ္ဌိက တားတာပဲ . . . (မှန်ပါ)။

## စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး

အဲဒါကြောင့် စိတ်ပေါ်မှာ ဘာအများဆုံးတဲ့ . . . (ဒိဋ္ဌိအများဆုံးပါ)၊ ဒိဋ္ဌိအများဆုံးဖြစ်သောကြောင့် စိတ် ဖြစ်-ပျက်မြင်ရင် ဒိဋ္ဌိ ပြုတ် -မပြုတ် . . . (ပြုတ်ပါတယ်)၊ ပြုတ် လို့ရှိရင် ဒိဝိပဿနာသည် သောတာပန် အမြန်ဆုံးတည်နိုင် တယ်လို့ ဆိုတာကော ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)။

## စိတ္တာနုပဿနာရှုကြပါ

ဒါဖြင့် ဒီတရားပွဲ သိမ်းပါတော့မယ် ဒကာ ဒကာမ တို့၊ အချိန်စေ့နေပြီ ဘာရှုကြမှာတုံး . . . (စိတ္တာနုပဿနာ ရှုကြရပါမယ်ဘုရား)၊ ဘယ်သူ့စိတ်ရှုရမှာတုံး . . . (မိမိစိတ် ရှုရမှာပါ)၊ အဲ . . . ကိုယ့်စိတ်ကိုယ်ရှုပြီးသကာလ နေပါဆို တော့ ၁-နံပါတ် ကို ၂-နဲ့ရှုပါ . . . (မှန်ပါ)။

၁-နံပါတ်ကို. . . (၂-နဲ့ ရှုရပါမယ်ဘုရား)၊ ၁-က ဖြစ်ပျက်၊ ၂-က. . . (မဂ်ပါဘုရား)။

## သောတာပန်တည်နိုင်ပါတယ်

ဒီအတိုင်းသာ သွားနေလို့ရှိရင် ဦးခင်မောင် ဒိဋ္ဌိတွေ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)၊ ဒိဋ္ဌုပါဒါန် ကောလာနိုင်သေးရဲ့လား . . . (မလာနိုင်ဘုရား)၊ ဒိဋ္ဌိအုပ် ချုပ်တဲ့ ကံတွေကော . . . (မလာနိုင်ပါဘုရား)၊ မကြာခင် သောတာပန် တည်နိုင်ပါတယ်ဆိုတာ ဒကာ ဒကာမတို့ ဒီအတိုင်းသာ လုပ်၊ ညနေအားထုတ် မနက်ရနိုင်ပါတယ် . . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါ-ပါပြီ)၊

ကိုင်း . . . ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု